မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၅၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော်မင်္ဂလာဘိသေကနှင့်ဒက္ခိဏောဒက မဟာဒါနမင်္ဂလာအခမ်းအနား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ် မြမြစန်း တက်ရောက်ကြည်ညိုပူဇော် ဆရာတော်သံဃာတော်များအား ပရိက္ခရာရှစ်ပါးနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

စစ်ကိုင်းတိုင်း ကနီမြို့နယ် အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော် မင်္ဂလာဘိသေကနှင့် ဒက္ခိဏောဒက မဟာဒါနမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း အောင်အရပံ သိဒ္ဓိကုဋ္ဌာသယ လာဘ်စေတီတော် အမှတ်(၁)နေရာ၌ မဟာဗောဓိပင်ပျိုးကို စိုက်ပျိုးပူဇော်စဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ မုံရွာမြို့ ဇေတဝကာရာမကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒနှင့်ပင့်ဖိတ်တော်မူထားသည့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်နှင့် ကနီမြို့နယ်၊ ယင်းမာပင်မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ၊ အလောင်းတော်ကဿပ ဖူးမြော်လာရောက်ကြသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

နိုင်ငံလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေး ကြိုးပမ်း နောင်တိုးပွားလာမည့် လူဦးရေအတွက် ကြိုတင်တွက်ဆလုပ်ကိုင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လူဦးရေသည် ယခုအခါ ၅၄သန်းကျော်ခန့် ရှိနေပြီဖြစ်သည်။ နိုင်ငံရှိ လူဦးရေသည် လွန်ခဲ့သည့် နှစ်၅၀ကျော်ခန့်ကထက် လူဦးရေသုံးဆခန့် တိုးတက်များပြားလာသည်ကို တွေ့ရသည်။

ယင်းသို့ တိုးတက်များပြားလာသော လူဦးရေအတွက် လိုအပ်သော စားနပ်ရိက္ခာဖူလုံစေရန် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်နိုင်ငံ့ဝန်ထမ်းများ ညီညီညွတ်ညွတ်စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ လိုအပ်သောစားနပ်ရိက္ခာများ လုံလောက်ရုံမျှသာမက ဖူလုံပိုလျှံနေပြီ ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဖေဖော်ဝါရီလ၂၄ ရက်နေ့က စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားရာ၌–

"လက်ရှိလူဦးရေအတွက် စားသုံးမှုဖူလုံရုံသာမက နောက်ထပ်တိုးပွားလာနေသည့် နောင်လာနောက်သား နိုင်ငံသားများအတွက် စားနပ်ရိက္ခာဖူလုံမှုရှိအောင်လည်း မိမိတို့ ကြိုတင်ပြုစု ဖန်တီးလုပ်ကိုင်ထားကြရန်လိုကြောင်း၊ နောင်အနှစ်၅၀ခန့်ကြာသည့်အခါ မိမိတို့နိုင်ငံ၏ လူဦးရေသည် ယခုထက်သုံးဆခန့် တိုးတက်ပြီး သန်း၁၅၀ခန့်အထိ ဖြစ်လာနိုင်သည်ကို ကြိုတင်တွက်ဆ၍ ယခုကတည်းကပင် လုပ်ကိုင်ဆောင်ရွက်သင့်သည်တို့ကို ဆောင်ရွက်ထားနိုင်ရန်လိုကြောင်း၊ သို့မှသာ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် အုမတောင့်ပြီး သီလစောင့်ထိန်းနိုင်သည့် ပတ်ဝန်းကျင် အမွေခံကောင်းကို လက်ဆင့်ကမ်းပေးနိုင်မှာ ဖြစ်ကြောင်း"

ပြောကြားသွားသည်။

ယခု တိုးတက်များပြားနေသည့် လူဦးရေသာမက နောင်တိုးပွားလာမည့် လူဦးရေအတွက်ပါ လိုအပ်သည့် စားနပ်ရိက္ခာများ လိုက်လျောညီထွေစွာ ပြည့်စုံလုံလောက်စေရန်အတွက် နိုင်ငံတော်က အနာဂတ်ကို မျှော်မှန်းပြီး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရက နှစ်ရှည်စီမံကိန်းများ၊ ကာလတိုငါးနှစ်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင်မြင်မှုများ ရရှိလျက်ရှိသည်။

လာမည့်၂၀၀၅–၂၀၀၆ ခုနှစ်သည် လက်ရှိအကောင်အထည်ဖော်နေသော ကာလတို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်ရာ ယင်းနောက်ဆုံးနှစ်၌ နိုင်ငံတော်၏ ရည်မှန်းချက်များ အရှိန်အဟုန်ကောင်းကောင်းဖြင့် တိုးတက်အောင်မြင်မှုများ ရရှိစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် ဆန်၊ ဂျုတ်၊ ကြက်သွန်၊ ပဲ၊ ပြောင်းတို့ကို တစ်နှစ်ထက်တစ်နှစ် တိုးတက်စိုက်ပျိုးလျက်ရှိရာ တိုင်းရင်းသားပြည်သူများလိုအပ်သည့် စားနပ်ရိက္ခာများ ဖူလုံပိုလျှံနေပြီ ဖြစ်သည်။ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးလျက်ရှိသကဲ့သို့ တနင်္သာရီတိုင်း၌လည်း ဆီအုန်းဧကေါင်းသိန်း စိုက်ပျိုးပြီး စားအုန်းဆီထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် မြေသယံဇာတ၊ ရေသယံဇာတပေါများသည့် နိုင်ငံဖြစ်ရာ ယင်းသယံဇာတများကို အပြည့်အဝတိုးချဲ့အသုံးချ၍ လယ်ယာသီးနှံစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်သည်ထက် တိုးတက်အောင် ကြိုးစားလုပ်ကိုင်ကြရမည် ဖြစ်သည်။

သာဓကအားဖြင့် စစ်ကိုင်းတိုင်းသည် သဘာဝကပေးသော ရေမြေအခြေအနေ၊ နိုင်ငံတော်က ဖန်တီးပေးထားသော ဆည်တမံနှင့် မြစ်ရေတင်လုပ်ငန်းများ၏ ပံ့ပိုးအထောက်အကူပြုမှု အခြေအနေအရ နိုင်ငံတော်က ရည်မှန်းထားသည့်အတိုင်း အထက်မြန်မာနိုင်ငံ၏ စပါးကျီအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရမည့် တိုင်းဖြစ်သည်။ နိုင်ငံတော်၏ စပါးကျီဖြစ်စေရေး ရည်မှန်းချက် ပြည့်မီရန်အတွက် ဌာနဆိုင်ရာများ ညှိနှိုင်းပေါင်းစပ် လုပ်ကိုင်မှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းအတွင်း စားသုံးမှု ဖူလုံရေးအတွက်သာမက အပိုအလျှံထွက်ရှိရေးအတွက် စပါးတင်းသိန်း၈၀၀အထိ ထွက်ရှိအောင် ဖိဖိစီးစီး ကြိုးစားလုပ်ကိုင်ကြရန် ဖြစ်သည်။ သို့မှသာ တိုင်းအတွင်းရှိ လက်ရှိ လူဦးရေအတွက်သာမက တိုးပွားလာမည့် လူဦးရေအတွက်ပါ စားနပ်ရိက္ခာ လောက်ငဖူလုံပိုလျှံလာမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် လက်ရှိ ၅၄သန်းကျော်ရှိသော လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရန်သာမက နောင်တိုးပွားလာမည့် လူဦးရေအတွက်ပါ စားနပ်ရိက္ခာဖူလုံစေရန် ကြိုတင်တွက်ဆ၍ နိုင်ငံတော်နှင့်အတူ တိုင်းရင်းသား ပြည်သူများက လက်တွဲကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ်(၂၀၀၅)ဖွင့်ပွဲ ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဋ္ဌမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၅)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ရနာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ်၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့်ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ ခေတ္တ ဌာနေကိုယ်စားလှယ် Ms. Elke Wisch က အဋ္ဌမနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တ ပတ်(၂၀၀၅)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့်ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော အဋ္ဌမနှစ် အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၀၅)အထိမ်းအမှတ် ပြခန်းကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၈ရက်က လှိုင်သာယာမြို့နယ် ဒိုင်စုရပ်ကွက် ဒေသအရန်မီးသတ်တပ်ဖွဲ့မှ တပ်စုမှူးဦးခင်စိုး ခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၅)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ကြစဉ်။ (က–ပ)

ဖေဖော်ဝါရီ ၁၂ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အမှတ်(၅) အခြေခံ ပညာမူလတန်းကျောင်း၏ ၂၀၀၃–၂၀၀၄ ခု ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၀၄–၂၀၀၅ခု ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို အဆိုပါကျောင်း၌ ကျင်းပရာငါးနှစ်ဆက်တိုက် ပညာရည် ချွန် ဆု နှင့် နှစ်နှစ်ဆက်တိုက် ဘက်စုံထူးချွန်ဆုရ စတုတ္ထတန်းမှ မအိသန္တာဦးအား ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းငွေက ဆုချီးမြှင့်စဉ်။ (၄၀၀)

မြဝတီ ရုပ်မြင်သံကြား

၂၈–၂–၂၀၀၅
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Financial Accounting. (ဒုတိယနှစ်–စီးပွားရေး) Padalin Caves. (ဒုတိယနှစ်–သမိုင်း)
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း–၁၆)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး အပိုင်း (၇)**

တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကြီး အဆင့်အတန်းမြင့်မားစွာကျင်းပနိုင်ရေး စစ်ရေးပြတပ်မတော်သားအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမဆောင်၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စစ်ရေးပြ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်ကြမည့် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း၊ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများ၊ တပ်ခွဲမှူးများနှင့် အရာရှိ၊အရာခံ၊အကြပ်၊စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ကြိုးပမ်းဆောင်ရွက်

အခမ်းအနားတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာ၌ တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကြီးကို နှစ်စဉ် ကြီးကျယ် ခမ်းနားစည်ကားသိုက်မြိုက်စွာကျင်းပလာခဲ့ကြောင်း၊ တပ်မတော်၏ စည်းလုံးညီညွတ်မှု၊အရည်အသွေး မြင့်မားမှုနှင့် စည်းကမ်းကောင်းမွန်မှုကိုဖော်ညွှန်းပြသသည့် အခမ်းအနားကြီးတစ်ရပ်ဖြစ်သည်နှင့်အညီ ယခုကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကြီးကို ယခင်နှစ်များကထက် ပိုမို စည်ကားသိုက်မြိုက်စွာ အဆင့်အတန်း အရည်အသွေး မြင့်မားစွာ ကျင်းပနိုင်ရေးအတွက် စစ်ရေးပြ တပ်မတော်သားအားလုံးက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ၊ စီမံခန့်ခွဲရေး ကော်မတီနှင့် ကော်မတီအသီးသီးအနေဖြင့် စစ်ရေးပြ တပ်မတော်သားများ စစ်ရေးပြ ပိုမိုကောင်းမွန်ရေး၊ သက်သာချောင်ချိရေးဆိုင်ရာများအပြည့်အဝ ရရှိရေး၊ အားအင်ပြည့်ဝစေမည့် အစားအစာများကျွေးမွေးရေး၊ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင် စားသောက်ရေး၊ စစ်စည်းကမ်း ကောင်းမွန်ရေး စသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ စစ်ရေးပြ တပ်မတော်သားများအနေဖြင့်လည်း တစ်ဦးချင်းအလိုက် ကျန်းမာရေး ကောင်းမွန်ရေး၊ရွှင်လန်းတက်ကြွစွာ စစ်ရေးပြနိုင်ရေး၊ စည်းကမ်းကောင်းမွန်ရေးတို့အတွက် အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ နှစ်(၆၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စစ်ရေးပြ တပ်မတော်သားအားလုံးက စနစ်တကျကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် နှစ်(၆၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြလုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်က စစ်ရေးပြအခမ်းအနားကြီး အရည်အသွေးအဆင့်အတန်းမြင့်မားစွာဖြင့် ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အင်းစိန် အောင်ဆန်းရပ်ကွက်နှင့် စဉ့်ငူရပ်ကွက်လမ်းကြား အရှည်ပေ ၃၀၀၀ရှိ စူဠာမဏိဘုန်းတော်ကြီး ကျောင်းလမ်း ကျပ်သိန်း ၄၀ကျော်တန်ဖိုးရှိ ကိုယ့်အားကိုယ်ကိုး စုပေါင်းကွန်ကရစ်လမ်းခင်းပွဲကို ဖေဖော်ဝါရီ ၉ရက်က အဆိုပါလမ်း၌ကျင်းပရာ စူဠာမဏိကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလနှင့်လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြ(အရာခံဗိုလ်၊ငြိမ်း)နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြစဉ်။

(ဝ၄၆)

စာအုပ်လှူဒါန်းပွဲ

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲ(ပဉ္စမအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်–

နေ့ရက် – **၆–၃–၂၀၀၅ (တနင်္ဂနွေနေ့)**
အချိန် – **နံနက် (၉)နာရီ**
နေရာ – **ပြန်ကြားရေးဝန်ကြီးဌာန၊အစည်းအဝေးခန်းမ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။**

စာအုပ်/ငွေပဒေသာပင် လှူဒါန်းလိုကြသော စေတနာရှင်၊အလှူရှင်များသည် အချိန်မီ တက်ရောက်လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများ ဆက်သွယ်ပါရန်

ဖုန်း – ၃၇၁၃၃၉
ဖုန်း – ၃၇၈၇၆၉
ဖုန်း – ၂၅၂၄၅၁

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် ဆရာအတတ်ပညာဒီပလိုမာအပ်နှင်းပွဲတက်ရောက် ဇီဝနည်းပညာများဖွံ့ဖြိုးရေးဌာနကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်း ပညာရေးကောလိပ်၏ သတ္တမအကြိမ်ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက ပုသိမ်ပညာရေးကောလိပ် ပညာရတနာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားပြီးနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

လုပ်ငန်းခွင်ဝင်

ပုသိမ်ပညာရေးကောလိပ် ဆရာအတတ်ပညာဒီပလိုမာအပ်နှင်းပွဲတွင် ဒုတိယနှစ်သင်တန်းဆင်း ၄၈၃ ဦးအနက် ၈၉ ဦးသည် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်းဆက်လက် တက်ရောက်ခွင့်ရပြီး ၃၉၄ ဦးတို့သည် လုပ်ငန်းခွင်သို့လည်းကောင်း၊ ပထမနှစ် သင်တန်းဆင်း ၁၉၇ ဦးအနက် ၁၈၄ ဦးတို့သည် ဒုတိယနှစ်သင်တန်းသို့ ဆက်လက် တက်ရောက်ခွင့်ရပြီး ၁၃ ဦးတို့သည် လုပ်ငန်းခွင်သို့ လည်းကောင်း အသီးသီးဝင်ရောက်ကြမည် ဖြစ်ကြောင်း သိရသည်။

သုတေသနပြု

ထိုမှတစ်ဆင့် တိုင်းမှူးသည်တာဝန်ရှိသူများနှင့်အတူ ပုသိမ်တက္ကသိုလ် ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာနသို့ သွားရောက်၍ အဆိုပါဌာန၌ တပ်ဆင်အသုံးပြုသော ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာ ၁၆ မျိုး၊ အရေအတွက် ၂၃ ခုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ဇီဝနည်းပညာ ဖွံ့ဖြိုးရေးဌာနတွဲဖက်ပါမောက္ခ ဒေါက်တာညွန့်ဖေနှင့် တာဝန်ရှိသူများက စက်ပစ္စည်းကိရိယာအမျိုးအစား တစ်ခုချင်းအလိုက် စွမ်းရည်နှင့် အကျိုးဖြစ်ထွန်းမှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြသည်။ အဆိုပါဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများဖြင့် သင်တန်းသားသင်တန်းသူများ၊ ကျောင်းသားကျောင်းသူများအား သင်ကြားလေ့ကျင့်ပေး၍ လက်တွေ့သုတေသနလုပ်ငန်းများကို ထိရောက်အကျိုးရှိစွာ ပိုမိုလုပ်ဆောင်နိုင်ပြီး ပုသိမ်တက္ကသိုလ် ဇီဝနည်းပညာ ဖွံ့ဖြိုးရေးဌာန အနေဖြင့် သုတေသနလုပ်ငန်း ငါးမျိုး၊ အပင်နှင့် မြေဆီလွှာများမှ အကျိုးပြုအဏုဇီဝသက်ရှိများ ရှာဖွေ၍ ဆေးဝါးနှင့်လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် စမ်းသပ်ခြင်း၊ စိုက်ပျိုးရေးအတွက်အသုံးဝင်သော အဏုဇီဝသက်ရှိများကို ရှာဖွေခြင်း၊ ဆေးဖက်ဝင်အပင်များကို ရှာဖွေစုဆောင်းစိုက်ပျိုး၍ သွေးတိုး၊ လေးဖက်နာ၊ အသည်းရောဂါ၊ ဆီးချိုရောဂါများအတွက် ဆေးဝါးများထုတ်လုပ်ခြင်း၊ အဏုဇီဝသက်ရှိဖြင့် Vegetable Oils များမှ Bio-Diesel ထုတ်လုပ်ခြင်း၊ အပင်ရောဂါများကို ဇီဝနည်းဖြင့် ထိန်းချုပ်နိုင်ရန် စမ်းသပ်သုတေသနပြုခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီးဦးမြင့်သိန်း ရှမ်းပြည်နယ်မြောက်ပိုင်း သတ္တုတွင်းများစစ်ဆေး လျာထားချက်ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းသည် တာဝန်ရှိသူများနှင့်အတူ နမ္မတူ/ဘော်တွင်းသတ္တုတွင်းသို့ ဖေဖော်ဝါရီ ၂၂ရက်က ရောက်ရှိလာရာ အထွေထွေမန်နေဂျာက ၂၀၀၄–၂၀၀၅ခုနှစ် ထုတ်လုပ်မှုအခြေအနေများနှင့် ၂၀၀၅–၂၀၀၆ခုနှစ်ထုတ်လုပ်ရန် စီမံဆောင်ရွက်ထားမှုများကို စာရင်းဇယားများ၊ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

မှာကြား

ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပြန်လည်ဆွေးနွေးညှိနှိုင်းဖြည့် ဆည်းပေးပြီးထုတ်လုပ်မှုလျာထားချက်ပြည့်မီရေး၊ လာမည့်နှစ်တွင် ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် အစီအစဉ်များကို မှာကြားသည်။

ဖေဖော်ဝါရီ ၂၃ရက်တွင် သတ္တု တွင်းဝန်ကြီးဌာနဝန်ကြီး၏ကိုယ်စား နမ္မတူမြို့ အခြေခံလုပ်ငန်းသင်တန်းအမှတ်စဉ်(၁၅)သင်တန်းဆင်းပွဲသို့တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းဆင်းဆုများနှင့် အောင်လက်မှတ်များချီးမြှင့်ပေးသည်။ ဆက်လက်၍ နမ္မတူမြို့ရှိ ခဲသွပ်သန့်စင်ကျိုချက် စက်ရုံများသို့သွားရောက်၍ သတ္တုရိုင်းသန့်စင်စက်များ၊ အသစ် တည်ဆောက်ပြီးစီးသွားသော ခဲကျိုချက်သည့် စက်ရုံမှ ခဲထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဖေဖော်ဝါရီ ၂၄ရက်တွင် ဒုတိယဝန်ကြီးသည် ကုန်းညောင်ရေအား လျှပ်စစ်စက်ရုံနှင့် မန်ဆန်ရေကျလျှပ်စစ်စက်ရုံများသို့ သွားရောက်၍ စက်များပုံမှန်လည်ပတ်နိုင်ရေး၊ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေးနှင့် ပုံမှန်ထိန်းသိမ်းမှုများဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် သီပေါ ဂေါဒန်ကျောက်စိမ်းကိန်းသို့ သွားရောက်၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ဂေါဒန်ကျောက်များလျာထားချက် ပြည့်မီကျော်လွန်အောင်ထုတ်လုပ်ရေး၊ တိုးချဲ့သတ္တုတွင်း အကောင်အထည်ဖော်နေမှုများအတွက် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး ညှိနှိုင်းမှာကြားသည်။

ဖေဖော်ဝါရီ ၂၅ရက်တွင် ဒုတိယဝန်ကြီးသည် ပြင်ဦးလွင် အမှတ်(၁)သံနှင့်သံမဏိစက်ရုံ၏ ကျားတွင်းရေသံရိုင်းသတ္တုတွင်းသို့သွားရောက်ပြီး သံသတ္တုရိုင်းများ ရေရှည်စနစ်တကျထုတ်လုပ်နိုင်ရေး၊ စက်ယန္တရားများအမြဲတမ်း ကောင်းမွန်နေစေရေးများကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အမှတ်(၁)သံနှင့် သံမဏိစက်ရုံသို့သွားရောက်ပြီး သံနှင့်သံမဏိ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုများကို အထွေထွေမန်နေဂျာက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး စက်ရုံအတွင်းတိုက်ရိုက်ဓာတ်လျှော့ဖိုပြင်ဆင်ပြီးစီး၍ စတင်လည်ပတ်နေပုံများ၊ သံရည်ကျိုချက်နေပုံများ၊ သံမဏိလုံးထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဖေဖော်ဝါရီ ၂၆ရက်တွင် ဒုတိယဝန်ကြီးဦးမြင့်သိန်းသည် ပုသိမ်ကြီး ထုံးကျောက်သတ္တုတွင်းသို့သွားရောက်ပြီး ထုံးကျောက်များ လျာထားချက် ပြည့်မီအောင်ထုတ်လုပ်နိုင်ရေးနှင့်စက်ယန္တရားများ အမြဲကောင်းမွန်နေစေရေး မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ ပြည်တွင်းထုတ်ကုန်များရောင်းချသည့် ဈေးကြီးတစ်ဈေး၌ ရောင်းဝယ်ဖောက်ကားနေကြသည်ကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဆီယံလုပ်ငန်းခွင်လုံခြုံရေး အစည်းအဝေး ဗီယက်နမ်နိုင်ငံတွင် မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်

ဟနွိုင်း ဖေဖော်ဝါရီ ၂၆

အာဆီယံလုပ်ငန်းခွင်လုံခြုံရေးနှင့် ကျန်းမာရေးကွန်ရက်(အာဆီယံ-အိုရှိနက်) ညှိနှိုင်းရေးကော်မတီ၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကွမ်နန်းပြည်နယ် ဟာလောင်မြို့၌ မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်များသည် လုပ်ငန်းခွင် လုံခြုံရေးအပေါ် သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် သင်တန်းအတွေ့အကြုံများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ဗီယက်နမ်သတင်းစာက ဗုဒ္ဓဟူးနေ့က ဖော်ပြသည်။

ဆွေးနွေးမည်

ယင်းတို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ကွန်ရက်ဝက်ဘ်ဆိုက် တည်ဆောက်ရေးနှင့် အမှတ်တံဆိပ်တို့အပေါ် သုံးသပ်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ယင်းနယ်ပယ်များတွင် အနာဂတ်စီမံကိန်းများအတွက် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး ဆွေးနွေးကြမည်ဖြစ်သည်။

မျှော်လင့်

ဗီယက်နမ်နိုင်ငံတွင် ပထမဆုံးကျင်းပမည်ဖြစ်သော အာဆီယံ-အိုရှိနက်ကွန်ဖရင့်သို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၄၀ တက်ရောက်ကြမည်ဟု မျှော်လင့်ထားသည်။

ကျင်းပခဲ့

ယခင်အစည်းအဝေးများကို အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းတို့တွင် ကျင်းပခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ် အီလက်ထရွန်းနစ်ပစ္စည်းများ ရုရှားနိုင်ငံသို့ ပိုမိုတင်ပို့နေရ

ဟုတ်ဟော့ ဖေဖော်ဝါရီ ၂၆

တရုတ်နိုင်ငံ အထူးအုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် အတွင်းမွန်ဂိုလီးယားဒေသရှိ တရုတ်-ရုရှားနယ်စပ် နယ်နိမိတ်တွင်ရှိသော မန်ဟိုလီမြို့၏ ယခုနှစ် ဇန်နဝါရီလက ရုရှားနိုင်ငံသို့တင်ပို့ခဲ့သော စက်မှုဆိုင်ရာ လျှပ်စစ်ပစ္စည်းများမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈ သန်း တန်ဖိုးရှိခဲ့ရာ ၂၀၀၄ ခုနှစ် ဇန်နဝါရီကထက် ပိုမိုများပြားခဲ့ကြောင်း နောက်ဆုံးထုတ်ပြန်သည့် စာရင်းဇယားများအရ သိရှိရသည်။

တရုတ်-ရုရှားနယ်စပ်တစ်လျှောက်ရှိ အကြီးမားဆုံး ဆိပ်ကမ်းဖြစ်သော မန်ဇူလီဆိပ်ကမ်းမှ စက်မှုဆိုင်ရာ လျှပ်စစ်ပစ္စည်းတင်ပို့မှုသည် ၇၀ ဒသမ ၆၃ ရာခိုင်နှုန်းရှိကြောင်း မန်ဇူလီဆိပ်ကမ်း အကောက်ခွန်ဌာနမှ စာရင်းဇယားများအရ သိရှိရသည်။

တင်ပို့ပစ္စည်းများ

ရုရှားနိုင်ငံသို့ တင်ပို့သည့်ပစ္စည်းများမှာ စက်ယန္တရားများ၊ အိမ်သုံးပစ္စည်းများ၊ အီလက်ထရွန်းနစ်ပစ္စည်းများအပါအဝင် အခြားလုပ်ငန်းသုံး၊ အိမ်သုံးပစ္စည်းများပါဝင်ကြောင်း သိရသည်။

ဝယ်လိုအားမြင့်

ရုရှားနိုင်ငံအနေဖြင့်လည်း မကြာမီနှစ်များက စတင်ပြီး အီလက်ထရွန်းနစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းဆိုင်ရာပစ္စည်းများအနေဖြင့် ဝယ်လိုအား မြင့်တက်လာခဲ့သည်။ ရုရှားနိုင်ငံသည် အသေးစားနှင့် အလတ်စားအီလက်ထရွန်းနစ်စက်မှုပစ္စည်းများအနေဖြင့် ဝယ်လိုအားမြင့်မားမှုကြောင့် တရုတ်မှပစ္စည်းများကို ပိုမိုတင်သွင်းနေရကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရန်နိုင်ငံအရှေ့တောင်ပိုင်း၌ ငလျင်ပြင်းလှုပ်ခဲ့

တီဟီရန် ဖေဖော်ဝါရီ ၂၆

ငလျင်ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၄ ရှိသော ပြင်းထန်သည့် ငလျင်တစ်ခု အီရန်နိုင်ငံအရှေ့တောင်ပိုင်း၌ အင်္ဂါနေ့ နံနက်ပိုင်းက လှုပ်သွားခဲ့ရာ လူ ၃၀၀ကျော် သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါငလျင်သည် တီဟီရန် မြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၇၀၀ ခန့် (မိုင် ၄၄၀)အကွာရှိ ကာမန်ပြည်နယ်ရှိ ဇာရန်းမြို့ကို ဗဟိုပြုလှုပ်ခဲ့ခြင်း ဖြစ်သည်။

ပြောကြား

အဆိုပါဒေသတွင်းရှိ အဓိကအဆောက်အအုံများ အကြီးအကျယ်ပျက်စီးပုံမရကြောင်း၊ သေဆုံးသူစုစုပေါင်းဦးရေသည် အလားတူ အင်အားရှိသော ယခင်လှုပ်ခဲ့သည့် ငလျင်များတွင် လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရသလောက် မြင့်မားမည်မဟုတ်ကြောင်း အရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ/ဆင်ဟွာ

ကလေးများဆိုင်ရာ ပြုစုစောင့်ရှောက်မှုဆု ကမ္ဘောဒီးယား မိခင်နှင့်ကလေးဌာန ဆွတ်ခူးရရှိ

ဖနောင်ပင် ဖေဖော်ဝါရီ ၂၆

ကမ္ဘောဒီးယားနိုင်ငံ အမျိုးသား မိခင်နှင့်ကလေး ကျန်းမာရေးဗဟိုဌာန(အင်န်အမ်စီအိတ်ချ်စီ)သည် ယူနီဆက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပေးအပ်သည့် ဘေဘီဖရင်းဒလီးဆုကို ပထမဆုံးရရှိသည့် ဆေးရုံဖြစ်လာကြောင်း ကြာသပတေးနေ့က ပြောကြားသည်။

ယင်းဆုသည် ယူနီဆက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကလေးငယ်များအား မိခင်နို့တိုက်ကျွေးရန်နှင့် ကလေး ကျန်းမာရေးတိုးတက်ရန် ရည်ရွယ်၍ စီစဉ်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ယင်းဆုသည် အလွန်အရေးပါကြောင်း၊ အင်န်အမ်စီအိတ်ချ်စီဝန်ထမ်းများ၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနက ဘေဘီဖရင်းဒလီးအဆင့်ရရှိအောင် ကူညီပေးနေကြောင်း ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။

ယင်းဆုသည် ၎င်းဆေးရုံ၌မွေးဖွားသော မိခင်များအား မိခင်နို့တိုက်ကျွေးရန် တိုက်တွန်းမှုပြုရာတွင် အရေးပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဆေးရုံတစ်ရုံ၌ မွေးဖွားသောကလေးတိုင်း ပျော်ရွှင်ကျန်းမာပြီး မိခင်နို့တိုက်ကျွေးခြင်းဖြင့် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အင်ဟောက်ဆိုသူက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးဆေးရုံကြီးဖြစ်သည့် အဆိုပါဆေးရုံသည် တစ်နှစ်လျှင် ကလေး ၇၀၀၀ မွေးဖွားပေးခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဝန်ထမ်းများ၏ ကြိုးပမ်းမှုဖြင့် ယင်းဆုရရှိရန် လွန်ခဲ့သော ငါးနှစ်ကျော်က ရည်မှန်းချက်ထား လုပ်ဆောင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကြက်၊ ငှက် တုပ်ကွေး ဗီယက်နမ်၌ မတွေ့ရှိတော့

ဟန္ဒိုင်း ဖေဖော်ဝါရီ ၂၆

ဗီယက်နမ်နိုင်ငံတစ်ဝန်းရှိပြည်နယ်များနှင့် မြို့များတွင် ကြက်၊ ငှက်တုပ်ကွေးရောဂါကူးစက်သည့်လက္ခဏာသစ်ကို အနည်းဆုံး သုံးပတ်မှ ၁၂ ပတ်ကြာ အင်္ဂါနေ့အထိ မတွေ့ရှိခဲ့ပေ။

မည်သို့ပင်ဖြစ်စေ တောင်ပိုင်းပြည်နယ် သုံးခုဖြစ်သည့် ဘင်တရီ၊ လွန်၊ ဒွန်တီဟာက်နှင့် မြောက်ပိုင်းဟိုင်ဖွန်းမြို့တွင် ဖေဖော်ဝါရီ ၂၁ ရက်က ကြက်၊ငှက် တုပ်ကွေးရောဂါ ကူးစက်မှုလက္ခဏာ ၂၇ ခုတွေ့ရှိခဲ့သဖြင့် ကြက်၊ ငှက် ၁၄၀၀၀ နီးပါးကို သုတ်သင်သတ်ဖြတ်ခဲ့ရသည်။

အဆိုပါရောဂါကို ဖြေရှင်းရန်အတွက် ဗီယက်နမ်သည် ၂၀၀၅ ခုနှစ် ဩဂုတ်လတွင် လူများအား ကြက်၊ ငှက် တုပ်ကွေးရောဂါကာကွယ်ဆေး အသုံးပြုရန် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ဗီယက်နမ် သိပ္ပံပညာရှင်များသည် ကြက်၊ ငှက်တုပ်ကွေးရောဂါ၏ ကူးစက်မှု နည်းလမ်းများကို သုတေသနပြုရန်အတွက် ခိုင်လုံသည့် အစီအစဉ်များကို အသေးစိတ် ဆောင်ရွက်ရန်နှင့် ဆွေးနွေးရန် မတ်လ၌ ထိုင်းသိပ္ပံပညာရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း အမျိုးသား တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကူးစက်ရောဂါ ကာကွယ်ရေးသိပ္ပံဌာန ညွှန်ကြားရေးမှူး ငုယန်ထရန်ဟန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

စင်ကာပူနိုင်ငံရှိ ကျောင်းတစ်ကျောင်း၌ အဝလွန်သော ကလေးငယ်များအား ယင်းတို့၏ ကျောင်းအားလပ်ချိန်တွင် လေ့ကျင့်ခန်းများ ပြုလုပ်နေကြသည်ကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မှတ်ဉာဏ်ချို့ယွင်းရောဂါ၏ ဇာစ်မြစ်အခြေအနေ အာရုံကြောဆဲလ်များအတွင်း ပိတ်ဆို့မှုနှင့်ဆက်စပ်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၆

ဦးနှောက် ပုံမှန်အလုပ်မလုပ်သည့်အတွက် ဖြစ်ပေါ်လာသော မှတ်ဉာဏ်ချို့ယွင်းသည့်ရောဂါ၏ ဇာစ်မြစ် အခြေအနေသည် အာရုံကြောဆဲလ်များအတွင်း ပိတ်ဆို့ခြင်းကြောင့် အချိန်မတိုင်မီဖြစ်ရခြင်း ဖြစ်ဖွယ်ရှိကြောင်း ဆန်ဒီဂိုမြို့ရှိ ကာလီဖိုးနီးယားတက္ကသိုလ်မှ သုတေသီများက ပြောကြားသည်။

ယင်းလေ့လာတွေ့ရှိချက်ကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်ထုတ် သိပ္ပံဂျာနယ်တွင် ဖော်ပြမည်ဖြစ်သည်။ လော့ရင့်ဂိုးလ်စတိန်း ဦးဆောင်သော သုတေသနအဖွဲ့က မိမိတို့၏ ရှာဖွေတွေ့ရှိချက်များသည် မော်လီကျူးပို့ဆောင်ရေးစနစ်ကို ထိန်းသိမ်းထားရန်အတွက် ဆေးဝါးသုံးနေကျဖြစ်ဖွယ်ရှိသည်ဆိုသော အကြောင်းအရာအပြင် ဦးနှောက်ဆဲလ်များ၏ အလားအလာကောင်းမှုသည် အခြားတစ်နည်းအားဖြင့် မှတ်ဉာဏ်ချို့ယွင်းသည့်ရောဂါတွင် ပျက်စီးဆုံးရှုံးခဲ့ဖွယ်ရှိကြောင်း သတင်းပြန်ကြားချက်ကို ထုတ်ပြန်ပေးနိုင်မည်ဟု ပြောဆိုသည်။

အာရုံကြောဆဲလ်များအတွင်း ပိတ်ဆို့မှုကြောင့် အာရုံကြောဆဲလ်များ ရောင်ကိုင်းလာပြီး ဆဲလ်များအတွင်း ဖွဲ့စည်းတည်ဆောက်ပုံများနှင့် ပရိုတိန်း ပုံမှန်ပို့ဆောင်မှုကို အဟန့်အတားဖြစ်စေသည်ဟု ကြာသပတေးနေ့က ထုတ်ပြန်သော သုတေသီများ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

လေကြောင်း ပျံသန်းရေးလုပ်ငန်းများ စင်ကာပူနှင့် မလေးရှား တိုးချဲ့ ဆောင်ရွက်မည်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၇

မလေးရှားနှင့်စင်ကာပူနိုင်ငံတို့သည် ၎င်းတို့၏အမျိုးသားလေကြောင်းလိုင်းများ လုပ်ငန်းအစုရှယ်ယာသဘောတူစာချုပ်များ တိုးချဲ့ခြင်းနှင့်အတူ ကုန်သွယ်လေကြောင်း ဆက်ဆံမှုများကို ခိုင်မာတောင့်တင်းအောင် ကြာသပတေးနေ့က ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစာချုပ်သည် မလေးရှားနှင့် စင်ကာပူနိုင်ငံတို့ နယ်စပ် ဖြတ်ကျော်ဆောင်ရွက်သည့် စီးပွားရေးဆောင်ရွက်မှု သဘောတူစာချုပ်များတွင် နောက်ဆုံးချုပ်ဆိုသော စာချုပ်ဖြစ်သည်။

မလေးရှားအဲလိုင်း စစ္စတမ်ဘီ အိပ်ချ်ဒီ(အမ်အေအက်စ်)နှင့် စင်ကာပူ အဲလိုင်းလီမိတက်တို့က မိမိတို့သည် နှစ်နိုင်ငံကြားလုပ်ငန်းအစုရှယ်ယာ လေကြောင်းခရီးများကို နောက်ထပ် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စင်ကာပူလေကြောင်းလိုင်း ဆင့်လ်အဲကိုပါ ထည့်သွင်းတိုးချဲ့သွားမည်ဖြစ်ကြောင်း ပြောကြားကြသည်။

တစ်ခုတည်း

အမ်အေအက်စ်နှင့် အက်စ်အိုင်အေ လေကြောင်းလိုင်းများသည် ၁၉၇၁ခုနှစ်၌ ခွဲခြားခဲ့ကြသည့် အချိန်ထိတိုင်အောင် မလေးရှား–စင်ကာပူ အဲဝေးဟုခေါ်သော တစ်ခုတည်းသော လေကြောင်းလိုင်းအဖြစ် တစ်ချိန်က ရှိခဲ့သည်။

အခါအခွင့်သင့်

အမ်အေအက်စ်နှင့် အက်စ်အိုင်အေတို့သည် ဘုံအရင်းအမြစ်များရှိကြသည့်ပြင် တူညီသောပင်စည် အကျိုးစီးပွားတစ်ခုတည်းမှ လာခဲ့ကြသည်ဖြစ်ခြင်းကြောင့် ယခုအချိန်အခါသည် ကုန်သွယ်လေကြောင်းကို ခိုင်မာအောင်လုပ်ဆောင်ရန် အခါအခွင့်သင့်သောကာလဖြစ်ကြောင်း စင်ကာပူအဲလိုင်းအမှုဆောင်အရာရှိချုပ် ချူးချွန်ဆင်းက ကွာလာလမ်ပူ၌ ပြုလုပ်သည့် လက်မှတ်ရေးထိုးချုပ်ဆိုပွဲတွင် ပြောကြားသည်။ **(အင်တာနက်)**

အေအိုင်ဒီအက်စ်ဖြစ်ပွားနေသော ကလေးငယ်များအား ပိုမိုအာရုံစိုက်ကြရန် ယူနီဆက်တိုက်တွန်း

ပေကျင်း ဖေဖော်ဝါရီ ၂၆

ကမ္ဘာတစ်ဝန်းတွင် အေအိုင်ဒီအက်စ် ဖြစ်ပွားနေသော ကလေးငယ်များကို ပိုမိုဂရုပြုအာရုံစိုက်ဆောင်ရွက်ကြရန် ယူနီဆက်က ကြာသပတေးနေ့၌ တိုက်တွန်းပြောကြားလိုက်သည်။

တရုတ်နိုင်ငံတွင် လွန်ခဲ့သော ဆယ်နှစ်ကျော်က ကလေးငယ်များအား အေအိုင်ဒီအက်စ်ရောဂါအထူးကုသမှုများမရှိခဲ့ကြောင်း၊ ကလေးများအတွက်အေအိုင်ဒီအက်စ်ဆေးဝါးအများစုမှာ လူကြီးများ အညွှန်း တစ်ဝက်ကိုသာသုံးစွဲခဲ့ကြောင်း ယူနီဆက်အမှုဆောင်ညွှန်ကြားရေးမှူး ကာရိုလ်ဘယ်လ်လာမီက ပြောကြားသည်။

အာရုံစိုက်

ယင်းသည် မေ့ထားသင့်သည့်အရာမဟုတ်ကြောင်း၊အေအိုင်ဒီအက်စ်ဖြစ်ပွားနေသော ကလေးငယ်များကို ပိုမိုအာရုံစိုက်စေရန် အစိုးရများအား တိုက်တွန်းလိုကြောင်း သူမက ပြောကြားသည်။

ယူနီဆက်အနေဖြင့် အေအိုင်ဒီအက်စ် ဖြစ်ပွားနေသော ကလေးများကုသမှု တိုးတက်ရေးနှင့် ဆေးဝါးအတွက် ဆေးဝါးထုတ်လုပ်သူများကို ကူညီမည်ဖြစ်ကြောင်း သူမက ပြောကြားသည်။

ဖော်ပြ

ကမ္ဘာပေါ်တွင် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားနေသည့် ကလေးငယ် ၂ဒသမ ၁သန်းရှိကြောင်း ယူနီဆက်၏အစီရင်ခံစာတွင် ဖော်ပြသည်။

လွန်ခဲ့သော ၁၀ နှစ်က ကလေးများ အေအိုင်ဒီအက်စ်ဖြစ်ပွားမှုကို ကာကွယ်ရန် အစီအစဉ်တစ်ရပ်အား ယူနီဆက်ကချမှတ်ခဲ့ကြောင်း၊ ယူနီဆက်သည် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အထိ အေအိုင်ဒီအက်စ်ကလေးများ ကုသရေးနှင့် ကာကွယ်ရေးအတွက် အစီအစဉ် တစ်ရပ်ကို တရုတ်အစိုးရနှင့် ဆွေးနွေး နေကြောင်း ဘယ်လ်လာမီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီတလီ သက်ကြီးရွယ်အိုများ ကျန်းမာအောင် နေထိုင်စားသောက်နိုင်ကြ

ရောမ ဖေဖော်ဝါရီ ၂၆

အီတလီနိုင်ငံ၌ သက်ကြီးရွယ်အိုများသည် မိမိတို့ကိုယ် မိမိတို့ အကောင်းဆုံး ဆရာဝန်များကိုယ်တိုင်ဖြစ်လာကြကြောင်း ကြာသပတေးနေ့က ထုတ်ပြန်လိုက်သော လေ့လာချက်အရသိရသည်။

အသက် (၆၀)ကျော်အရွယ်ရှိ အီတလီလူမျိုး ၁၅၀၀ကို လေ့လာရာတွင် ၇၁ ရာခိုင်နှုန်းသည် ဆရာဝန်များထက် ကျန်းမာအောင်နေထိုင်စားသောက်သည့် အလေ့အထများရှိလာသည်ဟုဆိုသည်။

ရှူရှိုက်သင့်

ယင်းတို့အနက်မှ ၇၅ ရာခိုင်နှုန်းက လေကောင်းလေသန့်များများ ရှူရှိုက်သင့်ကြောင်း၊ ၃၀ ရာခိုင်နှုန်းက လေ့ကျင့်ခန်းများနှင့် လိုအပ်သော အားကစားလှုပ်ရှားမှုများလုပ်ကြောင်း ပြောကြားကြသည်။

၂၇ ရာခိုင်နှုန်းက ကျန်းမာရေးအတွက် ခရီးလည်ပတ်ခြင်းများ ပြုလုပ်ကြောင်း၊ ၂၀ ရာခိုင်နှုန်းက အော်ဂင်းနစ် အစားအစာများမှီဝဲ သုံးဆောင်ကြောင်းထောက်ခံပြောကြားသည်။ ၂၃ ရာခိုင်နှုန်းက သာလျှင် ဆေးဝါးများသုံးစွဲခြင်း သို့မဟုတ် အိပ်စက်ခြင်းကဲ့သို့သော လုပ်ဆောင်မှုများရှိကြောင်းပြောကြားသည်။

၁၀ရာခိုင်နှုန်းကျော်က ပြောကြားရာတွင် လွန်ခဲ့သောတစ်နှစ်ကျော်က ဆရာဝန်တစ်ဦးထက်ပို၍ မပြခဲ့ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြသ

အီတလီနိုင်ငံ ဖလောရင့်စ်မြို့တွင် အသစ်တည်ဆောက်မည့် ယူဖီဂီ ပြတိုက်ပုံစံအား ဂျပန်ဗိသုကာပညာရှင်တစ်ဦးဖြစ်သူ အာရာတာအီဆိုဇာကီက ပြသနေသည်ကို ဖေဖော်ဝါရီ ၂၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်သို့ သတင်းထောက်များမသွားကြရန် အင်ဒိုနီးရှားအစိုးရ သတိပေးနှိုးဆော်

ဂျကာတာ ဖေဖော်ဝါရီ ၂၇

အီရတ်နိုင်ငံအတွင်းသို့ အင်ဒိုနီးရှား သတင်းထောက်များ ဝင်ရောက်ပြီး သတင်းယူမှုမပြုလုပ်ကြရန် အင်ဒိုနီးရှားအစိုးရက သတိပေး နှိုးဆော်ထားကြောင်း သိရသည်။

ထွက်ပေါ်လာ

အီရတ်တွင် အင်ဒိုနီးရှားသတင်းထောက်နှစ်ဦးအား ပြီးခဲ့သည့်သီတင်းပတ်က အီရတ်လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ဖမ်းဆီးသွားခဲ့ပြီး ပြန်လည်လွတ်မြောက်လာသည့်နှစ်ရက်မြောက်နေ့တွင် အဆိုပါကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဆန့်ကျင်ခဲ့

အင်ဒိုနီးရှားနိုင်ငံသည် အီရတ်ကို ပြည်ပတပ်များ ကျူးကျော်မှုအား ဆန့်ကျင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော်လည်း အင်ဒိုနီးရှားအစိုးရသည် အီရတ်နိုင်ငံအတွင်းသို့ သတင်းထောက်များ သတင်းရယူရန် အတွက် ယခင်ကပိတ်ပင်မှု မပြုလုပ်ခဲ့ကြောင်း သိရသည်။

သတိပေး

အင်ဒိုနီးရှားသတင်းထောက်နှစ်ဦး ဖမ်းဆီးခံရမှုမှ ပြန်လည်လွတ်မြောက်လာပြီးနောက်မှ အင်ဒိုနီးရှားအစိုးရက ယခုကဲ့သို့ အီရတ်နိုင်ငံသို့မသွားရောက်ကြရန် သတိပေးတားမြစ်ခဲ့ကြောင်းသိရသည်။**အမ်အင်အေ၊ဆင်ဟွာ**

တီကရစ် ရဲဌာနချုပ်အား ကားဗုံးဖောက်ခွဲ တိုက်ခိုက်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၆

အသေခံကားဗုံးခွဲသူတစ်ဦးသည် အီရတ်နိုင်ငံ မြောက်ပိုင်း တီကရစ်မြို့တွင်ရှိသော ရဲဌာနချုပ်ကို ကားဖြင့်အတင်းဝင်ရောက် တိုက်ခိုက်ပြီး ဗုံးကိုဖောက်ခွဲခဲ့ရာ လူ၁၂ဦးထက်မနည်း သေဆုံးသွားခဲ့သည်။

အဆိုပါ ကားဗုံးဖောက်ခွဲ တိုက်ခိုက်သူသည် ရဲဝတ်စုံဝတ်ထားပြီး လုပ်ငန်းတာဝန်ကျအဆိုင်း ပြောင်းခိုက်တွင် ထိုသို့ဗုံးကိုဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ရဲအဖွဲ့က ပြောကြားသည်။ ထိုတိုက်ခိုက်မှု၌ ၃၅ဦးဒဏ်ရာရသည်ဟု ဆေးရုံတာဝန်ကျအရာရှိများက ပြောကြားသည်။

ဝတ်ဆင်ထား

ဗုံးဖောက်ခွဲသည့်ကားသည် ရဲဌာနချုပ်ရှိရာသို့ ဦးတည်မောင်းခဲ့ကြောင်း၊ ကားမောင်းသူမှာ ရဲဝတ်စုံဝတ်ဆင်ထားသည်ကို မိမိတွေ့ရကြောင်း ရဲအရာရှိ ဟူဆမ်မူဆီယစ်ဖ်က ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် ကားတစ်ဒါဇင် ပျက်စီးခဲ့သည်။ သေဆုံးသူ အရေအတွက် တိုးလာဖွယ်ရှိကြောင်း ဆေးရုံတာဝန်ကျ အရာရှိများက ပြောကြားသည်။ ကြာသပတေးနေ့၌ ပစ်ခတ်မှုများ၊ ဗုံးခွဲတိုက်ခိုက်မှုများနှင့် စိန်ပြောင်းဖြင့် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာတွင် အဆိုပါ ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုသည် တစ်ခုဖြစ်ခဲ့သည်။

(အင်တာနက်)

အီရန် ငလျင်ကယ်ဆယ်ရေး ဒေါ်လာ ၂၀၀၀၀၀ တရုတ်ကူညီမည်

ပေကျင်း ဖေဖော်ဝါရီ ၂၆

ငလျင်ကယ်ဆယ်ရေး ကြိုးပမ်းချက် အစိတ်အပိုင်းအဖြစ် အီရန်နိုင်ငံသို့ ငွေသားဒေါ်လာ ၂၀၀၀၀၀ပေးရန် တရုတ်အစိုးရက ဆုံးဖြတ်ထားကြောင်း ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ပေကျင်း၌ ကြာသပတေးနေ့တွင် ကြေညာသည်။

နောက်ဆုံးသတင်းများအရ အီရန်နိုင်ငံ ဇာရန်းမြို့၌ လှုပ်ခဲ့သည့်ငလျင်ကြောင့် လူ၅၀၀ထက်မနည်းသေဆုံးကြောင်း သိရသည်။ ငလျင်ပြင်းအားမှာ ၆ဒသမ၄ရစ်ချ်တာစကေးရှိသည်ဟုဆိုသည်။

တရုတ်သမ္မတ ဟူကျင်တောင်က အီရန်သမ္မတထံ ငလျင်ကြောင့် သေကျေပျက်စီးဆုံးရှုံးမှုများအတွက် ကိုယ်ချင်းစာနာကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက်တွင် အိမ်တစ်အိမ်အတွင်းသို့ ဝင်ရောက်စီးနင်းရန် ကြိုးစားနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကျောဖုံးမှ

ရောင်းဝယ်ခွန်သည် ဝင်ငွေခွန်များကောက်ခံကြရာတွင် အလွန်အရေးပါသော ဝင်ငွေခွန်တစ်ရပ်ဖြစ် မိမိတို့နိုင်ငံဒေသအခြေအနေအရ ရောင်းဝယ်ခွန်ရာခိုင်နှုန်းကို သင့်လျော်သလို သတ်မှတ်သင့်

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက် စာတမ်းငါးစောင်အနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊ မြို(ခ)ခမိ အမျိုးသား ညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်တို့၏ သဘောထားကို နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ယင်းတို့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က "ဘဏ္ဍာရေးဆိုင်ရာ ကိစ္စနှင့် ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် အကြောင်းအကျိုး ဆီလျော်ပြီး စေ့စပ်သေချာမှုရှိပါသဖြင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ် အခြေခံရမည့်မှုများ၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့က ကောက်ခံသင့်သည့် အခွန်တော်စာရင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့နှင့်ပတ်သက်ပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း နှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က "အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်တွင် ပါဝင်သည့် အသေးစိတ်အခြေခံရမည့်မှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေများကို စနစ်တကျ စိစစ်ကောက်ခံ ခွဲဝေသုံးစွဲရေးအတွက် ချမှတ်သင့်သည့် အခြေခံမှုများဖြစ်သဖြင့် အသေးစိတ်အခြေခံမှုများကို ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မှုများအဖြစ် သတ်မှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်သည့် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က "အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှ တင်ပြထားသော ပြည်ထောင်စု အရအသုံးခန့်မှန်းခြေငွေစာရင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲတင်ပြနိုင်ရန် အလို့ငှာ နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည့် ဘဏ္ဍာရေးကော်မရှင် တစ်ရပ်ဖွဲ့စည်းရန် ကိစ္စသည်လည်းကောင်း၊ နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းပြီး အတည်ပြုချက် အဆင့်ဆင့်ရယူမည့် ဘဏ္ဍာရေးဆိုင်ရာ အခြေခံရမည့် မှုများသည်လည်းကောင်း၊ ပြည်ထောင်စု အရအသုံးခန့်မှန်းခြေ ဘဏ္ဍာငွေ ဥပဒေကြမ်းတွင် ဖော်ပြရမည့် ကိစ္စရပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည့် ကိစ္စရပ်များသည်လည်းကောင်း လျော်ကန်သင့်မြတ်ပါသဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မှုများအဖြစ် ထည့်သွင်းသင့်ပါကြောင်း" ဖြင့်ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က "အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်(က)မှ(ဒ)ထိကို အသေးစိတ် အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း" ဖြင့် ဆွေးနွေး တင်ပြသွားပါကြောင်း၊ ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် "ဆက်လက်၍ ဆွေးနွေးတင်ပြလိုသည်မှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုနှင့် စပ်လျဉ်းပြီး ရှင်းလင်းခဲ့ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မှုများကို ရှင်းလင်းသွားခဲ့ပါကြောင်း၊ ဤကဲ့သို့ ရှင်းလင်းရာတွင် မြန်မာမင်းအုပ်ချုပ်ပုံနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ် အမိန့်တော်ကြီးတွင် သဿမေဓ အခွန်တော်အကြောင်း ပါရှိပါကြောင်း၊ ဤနေရာတွင် အခွန်နှင့် စပ်လျဉ်းပြီး မိမိတို့အကြံပြု တင်ပြလိုသည်မှာ ပြည်ထောင်စုအတွက် အခွန်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအတွက် အခွန်ဖြစ်စေ သတ်မှတ်ပြီးလျှင် ပြည်သူများအတွက် အေးချမ်းသာယာရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေး အဆောက်အအုံ (Infrastructure)များကို တည်ဆောက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် သဘာဝကျမျှတသည့် အခွန်နှုန်းထားများ သတ်မှတ်ရာတွင် နှစ်စဉ်လျာထား သတ်မှတ်သည့် အခွန်ကိုပြည့်မီအောင် ကောက်ခံရရှိရေး ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

လေ့လာရသရွေ့တင်ပြရလျှင် မြန်မာနိုင်ငံ၏ အခွန်ကောက်ခံရရှိမှုမှရသည့် ဝင်ငွေသည် အလွန်နည်းပါးနေသေးကြောင်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ မိမိတို့ဘက်စုံ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပေးနေသည့် အစိုးရလက်ထက်တွင် ပြည်သူများ ဝန်ထုပ်ဝန်ပိုး မဖြစ်အောင် သတ်မှတ်ထားသည့် ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အမြတ်ခွန်အစရှိသည့် အခွန်များကို ပြည်သူများက တာဝန်ကျေပွန်စွာ အပြည့်အဝပေးဆောင်ဖို့သင့်ပါကြောင်း၊ ဤအလေ့အကျင့်သည် ဒီမိုကရေစီ နိုင်ငံသားကောင်းများ၏ အလေ့အကျင့် ဖြစ်ပါကြောင်း၊ ဤကောင်းမွန်သည့် အလေ့အကျင့်ကို နောင်ဖြစ်လာမည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တွင် ဆက်လက် အောင်မြင်စေရန် စည်းရုံးပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သင့်ပါကြောင်း"ဖြင့် အကြံပြုတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က "အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မှုများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက ကျယ်ကျယ်ပြန့်ပြန့်လေ့လာပြီး ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်ကို တွေ့ရှိရသည့်အတွက် ဖော်ပြထားသည့် အချက်အလက်များအားလုံးတို့ကို အသေးစိတ် အခြေခံရမည့် မှုများအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း၊ ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် "ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း အပိုင်းနှင့် ပတ်သက်၍ ဖြည့်စွက်အကြံပြုလိုပါကြောင်း၊ ယင်းမှာ နိုင်ငံတော်၏ အသုံးစရိတ်များအတွက် လိုအပ်သည့် ဘဏ္ဍာရေးကို ရှာဖွေသည့်နေရာတွင် ပြည်သူများကလည်း ဥပဒေနှင့်အညီ ထမ်းဆောင်သင့်သည့် အခွန်တော်များကို တိကျမှန်ကန်ပြည့်စုံစွာ ထမ်းဆောင်ကြရန် တာဝန်ရှိသကဲ့သို့ ပြည်သူများအနေဖြင့် အမှန်တကယ် ထမ်းဆောင်သင့်သည့် အခွန်တော်များထက်ပို၍ ထမ်းဆောင်ကြရသည်များလည်း ရှိနေပါကြောင်း။

အခွန်တော်ကောက်ခံခြင်း အကြောင်းနှင့်စပ်လျဉ်းပြီး မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတွင်ပါရှိသော နိုင်ငံတော်အတွက် စပါး၊ ဆန်ရေ၊ ကြေးငွေ ပေးကမ်းသင့်သည့် အတိုင်း တောင်းခံယူငင်ခြင်းသည် သဿမေဓမည်၏ ဆိုသည့်အပိုင်းကိုထောက်ခံပါကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ မနစ်နာရအောင် အကျင့်ပျက်ဝန်ထမ်းတို့ကို ဖော်ထုတ်၍ ထိရောက်စွာ အရေးယူသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကြီးက နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ထားသည့် ဥပဒေပြုအာဏာကို ခွဲဝေအပ်နှင်းသည်ဟု အခြေခံမှုတစ်ရပ်ချမှတ်ထားခဲ့ပြီး ဖြစ်ပါကြောင်း၊ ပိုမိုပြည့်စုံအောင် ဥပဒေပြဋ္ဌာန်းချက်တစ်ခုကို ရေးဆွဲဖို့ဆိုလျှင် ပြည်ထောင်စုလွှတ်တော်၏ ကိုယ်စားလှယ် ဘယ်နှရာခိုင်နှုန်းက အဆိုပြုလာလျှင် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ် ဘယ်နှရာခိုင်နှုန်းက အဆိုပြုလာလျှင် ရေးဆွဲရမည် ဖြစ်သည်ဟု လွှတ်တော်ကိုယ်စားလှယ်ရာခိုင်နှုန်း အတိအကျ ထည့်သင့်ပါကြောင်း။

ထို့ပြင် ရေးဆွဲပြီးသား ဥပဒေတစ်ရပ်ရပ်ကို ပြည်ထောင်စုလွှတ်တော်၏ ကိုယ်စားလှယ်ဘယ်နှရာခိုင်နှုန်းက ထောက်ခံလျှင် သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်၊ ပြည်နယ်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ် ဘယ်နှရာခိုင်နှုန်းကထောက်ခံလျှင် အတည်ဖြစ်သည်ဟု ဥပဒေတစ်ခုရေးဆွဲပြဋ္ဌာန်း အတည်ပြုရန်လိုအပ်သည့် လွှတ်တော်ကိုယ်စားလှယ် မည်ရွေ့မည်မျှရှိသင့်သည်ကို ထည့်သွင်းစဉ်းစားသင့်သည်ဟု ဖြည့်စွက်အကြံပြုတင်ပြအပ်သည်"ဟု အကြံပြု တင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က "အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာရှင်းလင်းတင်ပြချက်များဖြစ်သည့်(က)မှ(ဒ)အထိ ဖော်ပြထားသည့်အချက်များကို အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က "ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာအသေးစိတ်အခြေခံရမည့်မှုများအဖြစ် (က)မှ(ဒ)အထိ ဖော်ပြထားသည့်အချက်များကိုချမှတ်သင့်ကြောင်း မိမိတို့အသိပညာရှင်၊ အတတ်ပညာရှင်အစုအဖွဲ့က သုံးသပ်ရရှိပြီး အလေးအနက်ထောက်ခံပါကြောင်း တင်ပြပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က "ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာအသေးစိတ်အခြေခံရမည့်မှုများ၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့က ကောက်ခံသင့်သည့် အခွန်တော်စာရင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် (က)မှ(ဒ)အထိ ဖော်ပြထားသည့် အချက်များကို အသေးစိတ်အခြေခံမှုများအဖြစ် ချမှတ်သင့်ပါကြောင်း"ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က "ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မှုများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်တို့ကို မိမိတို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ညီလာခံကိုယ်စားလှယ် ၁၀၅ဦးလုံးက အားလုံးသဘောတူထောက်ခံကြပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် "အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်ထဲတွင် ယခင်နှစ်များ၏ နိုင်ငံတော်ဘဏ္ဍာငွေအရ အသုံးစာရင်းများကို လေ့လာသည့်အခါ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မိမိတို့ကောက်ခံရရှိသည့် အခွန်ငွေထက် ပြည်နယ်နှင့် တိုင်းများအတွက် သုံးစွဲသည့်ကုန်ကျစရိတ်များက ပိုမိုများပြားနေကြောင်း လေ့လာတွေ့ရှိရသည်ဟု ဖော်ပြပါရှိပါကြောင်း၊ တချို့ပြည်နယ်နှင့်တိုင်းများတွင် အမှန်တကယ်ဝင်ငွေ နည်းပါး၍ဖြစ်သော်လည်း တချို့ပြည်နယ်၊ တိုင်းများမှာမူ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သယံဇာတအရင်းအမြစ်များမှ ဝင်ငွေများသည် ဝန်ကြီးဌာန ငွေစာရင်းများသို့ ရောက်ရှိသွားခြင်းကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘဏ္ဍာငွေစာရင်းတွင် အခွန်တော်နည်းခြင်း ဖြစ်သည်ဟု ယူဆရပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ အကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း တို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မှုများနှင့်စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းသင့်သည့် ရငွေများနှင့် အခွန်အခ အမျိုးအစားစာရင်းတွင် အောက်ပါအခွန်အခစာရင်းများကိုလည်း ထပ်မံဖြည့်စွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုလွှတ်တော်မှ ဥပဒေပြုခွင့်ရှိ၍ ဥပဒေပြုထိုက်သောကိစ္စများနဲ့ဆက်စပ်သည့် ရငွေနှင့် အခွန်အခများ၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှ ထွက်ရှိသော မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပစ္စည်းနဲ့ ၎င်းတို့နဲ့ဆက်စပ်သည့် စက်မှုလက်မှုလုပ်ငန်းများအပေါ် စည်းကြပ်သောအခွန်များ၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောထွက်ပစ္စည်းများနဲ့ဆက်စပ်သည့် စက်မှုလက်မှုလုပ်ငန်းများ အပေါ် စည်းကြပ်သောအခွန်များ၊

(၄) တိရစ္ဆာန်မွေးမြူရေး၊ စိုက်ပျိုးရေးထွက်ကုန်များနဲ့ဆက်စပ်သော စက်မှုလက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများအပေါ် စည်းကြပ်သောအခွန်များ၊

(၅) ရေအရင်းအမြစ်၊ မြေအရင်းအမြစ်နဲ့ ၎င်းတို့နှင့်ဆက်စပ်သော လုပ်ငန်းများမှ စည်းကြပ်ခွန်များ၊

(၆) ဝင်ငွေခွန်၊

(၇) ကုန်သွယ်ခွန်။

အထက်ဖော်ပြပါအခွန်အမျိုးအစား ခုနစ်မျိုးအနက် နံပါတ်(၂)မှ(၇)အထိ အခွန်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွက် သီးသန့်အခွန်အဖြစ် သတ်မှတ်ပေးသင့်ပါကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် သင့်တင့်မျှတသော အချိုးအစားဖြင့် ခွဲဝေရယူကြရန် လိုအပ်မည်ဖြစ်ကြောင်း အကြံပြု တင်ပြလိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်မှာ ယင်းနိုင်ငံ၏ အခွန်အခများ မျှတမှန်ကန်စွာ ကောက်ခံရရှိမှုအပေါ်တွင်လည်း တည်ရှိလျက်ရှိပါကြောင်း၊ အစိုးရများသည် မိမိပြည်သူထံမှ အခွန်အခများကို မလွှဲမရှောင်သာ ကောက်ခံကြရပါကြောင်း၊ ထိုသို့ ဝင်ငွေခွန်များကောက်ခံကြရာတွင် ရောင်းဝယ်ခွန် (Sales Tax)သည် အလွန်အရေးပါသော ဝင်ငွေခွန်တစ်ရပ် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ရောင်းဝယ်ခွန်ကောက်ခံရာတွင်–

(၁) အခွန်ထမ်းပြည်သူပြည်သားများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်၊

(၂) အခွန်ပေးဆောင်ရသူနှင့်အခွန်ကောက်ခံသူတို့အတွက် လွယ်ကူမှု ရှိစေရန်၊

(၃) အခွန်ကောက်ခံသူတို့အနေဖြင့် မသမာမှုများ မပြုလုပ်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြစ်မြောက်စေရန် နည်းလမ်းများရှာဖွေပြီး တတ်နိုင်သမျှ စီမံဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း

တင်ပြအပ်ပါကြောင်း။

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံအများစုတွင် ရောင်းဝယ်ခွန်(Sales Tax)ကို ကောက်ခံရာတွင် ကွန်ပျူတာ သို့မဟုတ် ပြေစာစနစ်ကို အောင်မြင်စွာ အသုံးပြုလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ကုန်ပစ္စည်းတစ်မျိုးမျိုးကို အရောင်းအဝယ်လုပ်တိုင်း သတ်မှတ်ရိုက်နှိပ်ထားသော ပြေစာကို ဗဟိုအစိုးရက ကောက်ခံသောရောင်းဝယ်ခွန်(Government Sales Tax–G.S.T) နှင့် တိုင်းဒေသကြီးတို့မှ ကောက်ခံသော ရောင်းဝယ်ခွန်(State and Division Sales Tax–STD , S. T)ကို တစ်ပါတည်းရိုက်နှိပ်ပေးထားသည့် စနစ်ကို အသုံးပြုကြပါကြောင်း၊ အများအားဖြင့် ဗဟိုအစိုးရရောင်းဝယ်ခွန်ကို (၇)ရာခိုင်နှုန်းခန့် သတ်မှတ်လေ့ရှိပြီး တိုင်းဒေသကြီးရောင်းဝယ်ခွန်ကို (၆)ရာခိုင်နှုန်းခန့် သတ်မှတ်လေ့ရှိပါကြောင်း၊ ရောင်းဝယ်ခွန်ရာခိုင်နှုန်းကို မိမိတို့နိုင်ငံဒေသ အခြေအနေအရ သင့်လျော်သလို သတ်မှတ်သင့်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံတော်တွင်လည်း နိုင်ငံတော်အစိုးရနှင့် ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရများသည် ရောင်းဝယ်ခွန်ကို စနစ်တကျ ကောက်ခံနိုင်ရေးအတွက်

စာမျက်နှာ ၇ ကော်လံ ၁

စာမျက်နှာ ၆ မှ

ထိုကဲ့သို့ ပြေစာဖြင့် ရောင်းဝယ်ခွန် ရာခိုင်နှုန်းကိုသတ်မှတ်ပြီး တစ်ပါတည်း ကောက်ခံသော စနစ်ကို အသုံးပြုလိုက အသုံးပြုနိုင်ရန်အတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့် မှုအဖြစ် ထည့်သွင်းနိုင်ရန် သတ်မှတ်ထားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့်အခြေခံရမည့်မှုများနှင့် ပတ်သက်၍ သစ်များအပေါ် ကောက်ခံရသည့်အခွန်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် အဓိကအားကိုးအားထားရမည့် အခွန်ငွေများဖြစ်ပါကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေနှင့်အညီကောက်ခံပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းသင့်သည့် ရငွေများနှင့်အခွန်အခအမျိုးအစားကို သတ်မှတ်ချက် ၁၉ ချက်များထဲက အမှတ်စဉ်(၁၂) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ 'ကျွန်းနှင့် သတ်မှတ်သော သစ်မာများမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့်အခွန်'** စကားရပ်အစား **'ကျွန်းမှအပ ကျန်သစ်များပေါ်တွင် ကောက်ခံသည့်အခွန်'** စကားရပ်အစားထိုး ပြင်ဆင်သတ်မှတ်ပေးရန် အကြံပြု တင်ပြအပ်ပါကြောင်း။

မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း မူးယစ်ဆေးဝါးပပျောက်ရေးနှင့်ပတ်သက်၍ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာက အသိအမှတ်ပြုလောက်အောင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိနေပါကြောင်း။

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဌာနမှပင် ၎င်းတို့မှ ၂၀၀၃ ခုနှစ်တွင် ထုတ်ပြန်ကြေညာတဲ့ International Narcotic Control Strategy Report (INCSR)မူးယစ်ဆေးဝါးအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ဘိန်းအထွက်နှုန်းသည် ၁၉၉၆ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ ခုနစ်နှစ်တာကာလအတွင်း ၈၁ ရာခိုင်နှုန်းသို့ ကျဆင်းကြောင်း တရားဝင်ထုတ်ပြန်ကြေညာပေးခဲ့ပါကြောင်း။

ယင်းရလဒ်ကောင်းကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လိုပါကြောင်း၊ မိမိတို့ဒေသများတွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အထူးအရေးကြီးသည့်ဒေသဖြစ်ခြင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုမပါဘဲ ဆောင်ရွက်ရန် အခက်အခဲရှိခြင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စများတွင်လည်း နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် (International Co-operation and Coordination) လိုအပ်သည့်အတွက် နိုင်ငံတော်မှ ဦးစီးဆောင်ရွက်ပံ့ပိုးကူညီပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့အပြင် ဥပဒေပြုအာဏာခွဲဝေရေးကဏ္ဍနှင့်စပ်လျဉ်း၍ အောက်ပါအချက်ကိုလည်း အကြံပြုတင်ပြလိုပါကြောင်း၊ လွှတ်တော်များကချမှတ်လိုက်သည့် ဥပဒေအရပ်ရပ်သည် မှန်ကန်မှုရှိရန်နှင့် တိကျစွာအကောင်အထည်ဖော်နိုင်ရန် အထူးလိုအပ်သည့်အတွက် လွှတ်တော်အဆင့်ဆင့်က ချမှတ်ပြဋ္ဌာန်းလိုက်သည့် ဥပဒေများ ထိရောက်မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် စိစစ်ဖော်ထုတ်သည့် အချိန်ပြည့် ကော်မတီတစ်ရပ် အခိုင်အမာထားရှိရန်အတွက် ဥပဒေတစ်ရပ်ပြု သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဆက်လက်၍ အထူးအကြံပြုချက်အနည်းငယ်ကို တင်ပြလိုပါကြောင်း၊ မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံကို တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ်ခုနစ်ခုဖြင့် ဖွဲ့စည်းတည်ထောင်ထားပါကြောင်း၊ နိုင်ငံတော်၏အုပ်ချုပ်ရေး အကြီးအကဲသည် 'သမ္မတ'ဖြစ်ပြီး အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်ကို သမ္မတဦးဆောင် အုပ်ချုပ်သည့်စနစ်နှင့် လျှောက်လှမ်းသွားကြရမည်ဖြစ်ပါကြောင်း။

အနာဂတ်နိုင်ငံတော်၏ သမ္မတ ဦးဆောင်မှုအောက်တွင် မိမိတို့ တိုင်းရင်းသား ညီအစ်ကိုများသည် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အချက်များကို ဦးထိပ်ပန်ဆင်ပြီး အတူတကွ လက်တွဲညီညီနှင့် ချီတက်သွားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်သမ္မတက တာဝန်ခံရသကဲ့သို့ နိုင်ငံတော်အတွင်းမှာတည်ရှိသည့် တိုင်းဒေသကြီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက တာဝန်ယူဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်သမ္မတနှင့် သဟဇာတဖြစ်မှု၊ မိမိဒေသဖွံ့ဖြိုးရေးကို လိုလိုလားလားဖြင့် ဆောင်ရွက်ပေးလိုမှုနှင့် တိုက်ရိုက်သက်ဆိုင်နေပါကြောင်း။

ထို့ကြောင့် အနာဂတ်နိုင်ငံတော်၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ရွေးချယ်ခန့်ထားရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ရှိကြသည့် ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များထဲက ဖြစ်မှသာ ပိုမိုသင့်လျော်ဆီလျော်မည်ဖြစ်ပါကြောင်း။

ထို့အပြင် နိုင်ငံတော်တစ်ခုလုံးကို တာဝန်ယူရသည့် နိုင်ငံတော်သမ္မတအနေဖြင့်လည်း ယုံကြည်စိတ်ချရသူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် အရည်အချင်း ပြည့်မီသူ၊ ဒေသခံပြည်သူများက ယုံကြည်လေးစားသူနှင့် ထောက်ခံသူဖြစ်ရန် စိစစ်ရွေးချယ်ရန်လည်း အရေးကြီးပါကြောင်း။

ထို့အပြင် ပြည်ထောင်စုပုံစံနှင့် ဒီမိုကရေစီကျင့်သုံးမှုစနစ် ပိုမိုပေါ်လွင်စေရန်အတွက် ဖြစ်နိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ရွေးချယ်ရာတွင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ရှိ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲမှ မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အများစုက သဘောတူရွေးချယ်ခြင်းခံရသူ ဖြစ်ရန်လည်းလိုပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ခန့်အပ်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်ပြီး အမည်စာရင်းတင်သွင်းသော သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသည့် ကိုယ်စားလှယ်ကို ဦးစားပေး၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ပေးနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်မှုတစ်ခုအဖြစ် ထည့်သွင်းချမှတ်နိုင်ရန် အကြံပြု တင်ပြအပ်ပါသည်ဟု အကြံပြုတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မှုများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီများနှင့် ညီလာခံအစုအဖွဲ့အချို့မှ ညီလာခံကိုယ်စားလှယ်များက တင်သွင်းလာသည့် အကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလှည့်ကျသဘာပတိအဖွဲ့၏ တွေ့ရှိချက်များကို ကောက်နုတ်စုစည်းတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း။

ယင်းအကြံပြုချက်စာတမ်းများကို လေ့လာသုံးသပ်ကြည့်လျှင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအတိုင်း အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း ကိုယ်စားလှယ်အစုအဖွဲ့များက ထောက်ခံဆွေးနွေးသွားသည်ကို တွေ့ရပါကြောင်း၊ ယင်းသို့ ထောက်ခံဆွေးနွေးသွားသည်များ ရှိသကဲ့သို့ အချို့ကိုယ်စားလှယ်များက ဖြည့်စွက်အကြံပြုသွားသည်များလည်း ရှိပါကြောင်း၊ အချို့ကလည်း ရှင်းလင်းတင်ပြချက်ပါ ကဏ္ဍအချို့ကို ဆွေးနွေးတင်ပြခြင်းမပြုသည်ကိုလည်း တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအနေဖြင့် ယခင်ကျင်းပပြီးစီးခဲ့သည့် ညီလာခံစုံညီအစည်းအဝေးများမှာ ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ချက်များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ် အခြေခံရမည့်မှုများအဖြစ် ထည့်သွင်းရန် လျော်ကန်သင့်မြတ်ကြောင်း သုံးသပ်ရရှိလျှင် ယင်းအကြံပြုချက်များနှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့သဘာပတိအဖွဲ့များက တစ်ဆင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို ရယူခဲ့ပါကြောင်း။

ယခုလည်း အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအနေဖြင့် အစုအဖွဲ့အသီးသီးက အကြံပြုချက်များအနက် အသေးစိတ်အခြေခံရမည့်မှုများအဖြစ်ထည့်သွင်းချမှတ်သင့်သည့် ကောင်းမွန်သင့်မြတ်သော အကြံပြုချက်များကို သဘာပတိအဖွဲ့များကတစ်ဆင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို ရယူနိုင်ရေးအတွက် လိုအပ်သလိုဆောင်ရွက်သင့်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း"ဖြင့် ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ပညာ့အလင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ တာမွေမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်ခင်သန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးညွန့်လှိုင်က စာကြည့်တိုက်သိမှတ်ဖွယ်ရာများ ပြောကြားကာ အလှူရှင်အသီးသီးက အလှူငွေများ လှူဒါန်းခဲ့ကြောင်းသိရသည်။

(က–ပ)

အမျိုးသားညီလာခံ နားရက်ဖြစ်သည့် တနင်္ဂနွေနေ့တွင် အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအတွင်း၌ ကိုယ်ကာယလေ့ကျင့်မှုများ ပြုလုပ်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကျန်းမာပျော်ရွှင်စွာ အပန်းဖြေအနားယူလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယနေ့(တနင်္ဂနွေနေ့)တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ညောင်နှစ်ပင်စခန်း၌ပင် ကျန်းမာပျော်ရွှင်စွာဖြင့် အပန်းဖြေအနားယူလျက်ရှိကြသည်။

ထိုသို့ အပန်းဖြေလျက်ရှိရာတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် နံနက်စောစောနှင့် ညနေခင်းတို့တွင် ကိုယ်လက်လှုပ်ရှားလမ်းလျှောက်ကြခြင်း၊ အားကစားရုံ၌ ကြက်တောင်ရိုက်ခြင်း၊ ကိုယ်ကာယလေ့ကျင့်ခြင်း၊ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၌ ဂေါက်သီးရိုက် လေ့ကျင့်ခြင်းတို့ဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ အားကစားလှုပ်ရှားကြသည်။

ပျော်ရွှင်စွာအနားယူ

ထို့ပြင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ညနေပိုင်းတွင် ဝိုင်းဖွဲ့ ခြင်းခတ်ခြင်း၊ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များတွင် ဝိုင်းဖွဲ့၍ စားသောက်ခြင်းတို့ဖြင့် ပျော်ရွှင်စွာအနားယူလျက်ရှိကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် သက်သာချောင်ချိရေးအရောင်းဆိုင်များက ရောင်းချပေးလျက်ရှိသော အသုံးအဆောင်ပစ္စည်းများ၊ စာအုပ်စာစောင်၊ မှတ်စုစာအုပ်များကို ဝယ်ယူအားပေးကြသည်။

ထို့ပြင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အိပ်ဆောင်များ၌ တပ်ဆင်ထားရှိသည့် ရုပ်မြင်သံကြား၊ Channel Lineများမှ မိမိတို့ကြိုက်နှစ်သက်ရာ Channel Line များကို ဖမ်းယူ၍ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းနှင့်ရသစုံလင် ကြည့်ချင်ဖွယ်ရာများကို ကြည့်ရှုရင်း အပန်းဖြေအနားယူလျက်ရှိကြသည်။

(သတင်းစဉ်)

စာအောင်ပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ခေမာသီဝံကျောင်းဆရာတော် ဘဒ္ဒန္တကောသလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ)၏ ဝိဇာတပူဇော်ပွဲနှင့် စာအောင်သံဃာများ ပူဇော်ပွဲကို (ယနေ့)စလင်းကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာ ဆရာတော်၏မွေးနေ့ပူဇော်ပွဲကို နံနက်၇နာရီခွဲတွင် ကျင်းပပြီး နံနက် ၈နာရီတွင် စာအောင်သံဃာ၈ပါးတို့အား အလှူရှင်များက ပူဇော်လှူဒါန်းကြကြောင်း သိရသည်။

(က–ပ)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား "သူ့ကျွန်မခံပြီ" ရုပ်ရှင်ဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသို့ တက်ရောက်နေကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်လျက်ရှိရာ ယမန်နေ့ည၇နာရီတွင် ညောင်နှစ်ပင်စခန်းရှိ လဟာပြင်ကဇာတ်ရုံ၌ ဒါရိုက်တာ အကယ်ဒမီကြည်စိုးထွန်းရိုက်ကူးပြီး သရုပ်ဆောင် အကယ်ဒမီညွန့်ဝင်း၊ အကယ်ဒမီကျော်သူ၊ အကယ်ဒမီလွင်မိုး၊ အကယ်ဒမီကျော်ရဲအောင်၊ အကယ်ဒမီအောင်ခိုင်၊ အကယ်ဒမီမေသန်းနုနှင့် အကယ်ဒမီနန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည့် "သူ့ကျွန်မခံပြီ" ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ တင်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း အလောင်းတော်ကဿပရုပ်တုတော်အား ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

✻ **ရွှေ့ဖုံးမှ**

ဖူးမြော်ကြည်ညို

အခမ်းအနားမစတင်မီ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ ရုပ်တုတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် အခမ်းအနား အစီအစဉ်များကို စတင်ကျင်းပရာ အခမ်းအနားမှူး သာသနာရေးဦးစီးဌာနမှ ဦးသူရက ဒေဝနိမန္တန နတ်ပင့်ဂါထာကို ဖတ်ကြား၍ နတ်ဗြဟ္မာများအား ပင့်ဖိတ်သည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်များက နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ပြီး သုပ္ပဋိပန္နောအစရှိသည့် သံဃာ့ဂုဏ်ဆိုင်ရာဂါထာတော်များကို ရွတ်ဆို၍ အလောင်းတော်ကဿပ ရုပ်တုတော်အား မင်္ဂလာဘိသေက မင်္ဂလာဘိသိက်သွန်းတော်မူကြသည်။

လက်ဆောင်ပစ္စည်းများပေးအပ်

ဆက်လက်၍ အလှူရှင်တစ်ဦးက အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော် တည်ဆောက်ခဲ့သည့် ဗိသုကာအင်ဂျင်နီယာများ ကိုယ်စား မြန်မာမှုပညာရှင် ဦးဇော်မင်းထိုက်အား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် မြန်မာမှု ပညာရှင် ဦးဇော်မင်းထိုက်က အလောင်းတော်ကဿပ စံကျောင်းတော်အား မှုရင်း ဒါယကာ ဒါယိကာမများထံ ပြန်လည်အပ်နှံသည့် စာတမ်းကို ဖတ်ကြားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော်တည်ဆောက်ရာတွင် မသိနားမလည်၍ မှားယွင်းမှု ရှိပါက ခွင့်လွှတ်ပါရန် သမ္မာဒေဝနတ်ကောင်း နတ်မြတ် များအား တောင်းပန်လွှာကို ဖတ်ကြားသည်။

ထို့နောက် အလောင်းတော်ကဿပ ဂန္ဓကုဋိ စံကျောင်းတော် မင်္ဂလာဘိသေကနှင့် ဒက္ခိဏောဒက မဟာဒါန မင်္ဂလာအခမ်းအနား အစီအစဉ်များကို ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အောင်စည်အောင်မောင်းတီးခတ်

ဆက်လက်၍ နိုင်ငံကျော် အဆိုတော်ဦးထွန်းရွှေက စောင်းရွှေတံဆိပ် ၁၁ ဆုရှင် ချိုသက်တင်နှင့် တွဲဖက်၍ 'ထူးမခြားနား' သီချင်းခန့်ကို သီဆိုပူဇော်ပြီး မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာဗွေခရု မှုတ်၍ အောင်စည် အောင်မောင်းတီးခတ်သည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ မုံရွာမြို့ ဇေတဝနာရာမကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ကိုးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ပန်းတို့ကို သံဃာတော် အရှင်သူမြတ်များအား ဆက်ကပ်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ပက်ဖျန်းချည်နှောင်

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ပန်းတို့ကိုယူဆောင်၍အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော်ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော်သြဝါဒါစရိယ မုံရွာမြို့ ဇေတဝနာရာမကျောင်းတိုက်ဆရာတော်အား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူးများ၊ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယဝန်ကြီးများက ဆရာတော် သံဃာတော်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံကျော် အဆိုတော် ဦးထွန်းရွှေက ရှစ်ဆယ်ပေါ်တေးထပ်ကို သီကျူးပူဇော်သည်။

ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော် သြဝါဒါစရိယ မုံရွာမြို့ ဇေတဝနာရာမကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒက အနုမောဒနာနှင့် ရေစက်ချတရားတော် ချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များကလှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားမှူးက ဒေဝေါကာသကရဏ နတ်ပို့ဂါထာ ဖတ်ကြား၍ နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တို့က မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုး ရွာသွန်းပေးကြသည်။

ထွန်းညှိပူဇော်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ လိုဏ်ဂူတော်သို့သွားရောက်ကြပြီး အလောင်းတော်ကဿပအားရည်မှန်း၍ ပန်းဆက်ကပ်လှူဒါန်းကာ ဆီမီးနှင့် နံ့သာတိုင်များ ထွန်းညှိ ပူဇော်ကြသည်။ လိုဏ်ဂူတော်အားလည်း ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော်သို့ ပြန်လည်ရောက်ရှိကြပြီး အလောင်းတော်ကဿပ ရုပ်တုတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီး တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တို့သည် အလောင်းတော်ကဿပ ရုပ်တုတော်အား ရွှေကြာသင်္ကန်း ကပ်လှူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ ရုပ်တုတော်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သာအေးက အလောင်းတော်ကဿပ ဂေါပကအဖွဲ့ ဥက္ကဋ္ဌအား အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် အလောင်းတော် ကဿပ ဉာဏ်သည်တော်မှတ်တမ်း စာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ တောင်တော်ရှိ သစ္စာရေတွင်း ပြင်ဆင်မွမ်းမံထားမှုများကို ကြည့်ရှုကြသည်။





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း အလောင်းတော်ကဿပ လိုဏ်ဂူတော်၌ အလောင်းတော်ကဿပအား ရည်မှန်း၍ လိုဏ်ဂူတော်အား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း အလောင်းတော် ကဿပရုပ်တုအား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း ကျောက်မျက်ရတနာများထည့်သွင်း၍ မဟာဗောဓိပင်ပျိုးစိုက်ပျိုးပေး

ထို့နောက် အောင်အရဟံ သိဒ္ဓိ ကုဿသယ လာဘံစေတီတော်ပတ်ဝန်းကျင်၌ မဟာဗောဓိပင်ပျိုး စိုက်ပျိုးပူဇော်ပွဲကို ငါးနေရာခွဲ၍ ကျင်းပရာ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က အမှတ်(၁) မဟာဗောဓိပင်ပျိုး စိုက်ပျိုးမည့် နေရာ၌ ကျောက်မျက်ရတနာများကိုဦးစွာထည့်သွင်း၍ မဟာဗောဓိပင်ပျိုးကို စိုက်ပျိုးပေးကြသည်။

သွန်းလောင်းပေး

ဆက်လက်၍ မြေဆီဩဇာနှင့် ရေစင်ရေကောင်းများဖြင့် မဟာဗောဓိပင်ပျိုးကို သွန်းလောင်းပေးကြသည်။

စိုက်ပျိုးပူဇော်

အလားတူ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က အမှတ်(၂) နေရာ၌လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဝန်ကြီးများက အခြားသတ်မှတ်ထားသည့် နေရာများ၌ လည်းကောင်း မဟာဗောဓိပင်ပျိုးများကို စိုက်ပျိုး ပူဇော်ပေးကြသည်။

ထို့နောက် အခမ်းအနားမှူးက အမျှဝေစာတမ်းကို ဖတ်ကြား၍ သာဓု သုံးကြိမ်ခေါ်ဆိုကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ ဂန္ဓကုဋိ စံကျောင်းတော် မင်္ဂလာဘိသေကနှင့် ဒက္ခိဏောဒကမဟာဒါနမင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နှင့် စပ်လျဉ်း၍ သစ်တောဦးစီးဌာနက ခင်းကျင်းစီစဉ်ပြသထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ကဿပ ကျောင်းတော်မှ မုံရွာမြို့နယ် ခတက္ကန်တောင် ကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ခတက္ကန်တောင်ကျေးရွာရှိ မဟာဗောဓိ တစ်ထောင် ကျောင်းတိုက်သို့ သွားရောက်ကြပြီး မဟာဗောဓိ တစ်ထောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တနာရဒအား ဖူးမြော်ကြည်ညို၍လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခွဲတွင် အလောင်းတော်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပြင်ဦးလွင်တပ်နယ်မှူး တပ်မတော် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော် အရာရှိကြီးများက ကြိုဆိုကြသည်။

(သတင်းစဉ်)

လှူဒါန်းမှုအစုစု ရေစက်သွန်းချအမျှပေးဝေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ စစ်ကိုင်းတိုင်း ကနီမြို့နယ် အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော် မင်္ဂလာဘိသေကနှင့် ဒက္ခိဏောဒက မဟာဒါနမင်္ဂလာ အခမ်းအနား၌ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

(သတင်းစဉ်)

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မဟာဗောဓိ တစ်ထောင် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ မဟာဗောဓိတစ်ထောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သစ္စာရေတွင်း ပြင်ဆင်မွမ်းမံထားမှု ကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အလောင်းတော်ကဿပတောင်တော်ရှိ သစ္စာရေတွင်း ပြင်ဆင်မွမ်းမံထားမှုများကို ကြည့်ရှုစဉ်။

(သတင်းစဉ်)

အမျိုးသားရေးအကျိုး ရှေးရှုထမ်းဆောင်နေသောအမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများ

လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ ဖြစ်ပေါ်တိုးတက်မှု၊ ဆုတ်ယုတ်ကျဆင်းမှုဟာ လူပုဂ္ဂိုလ်ကိုးကွယ်ရေးနဲ့ မဆိုင်ပါ။ ကိုင်စွဲကျင့်သုံးတဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုလမ်းစဉ်မှန် မမှန်ဆိုတာနဲ့သာ သက်ဆိုင်ပါတယ်။ ကိုင်စွဲကျင့်သုံးတဲ့ လမ်းစဉ်မှားရင် လူ့အဖွဲ့အစည်း ဆုတ်ယုတ်ကျဆင်းပြီး ကိုင်စွဲကျင့်သုံးတဲ့ လမ်းစဉ်မှန်ရင် တိုးတက်ဖြစ်ပေါ်လာမယ်။ မှန်တဲ့လမ်းစဉ်တစ်ရပ်ကို ဘယ်လို ခွဲခြားရွေးချယ်နိုင်မလဲ။ အတွေ့အကြုံဟာ ဆင်ခြင်တုံတရားလဲ ဖြစ်တယ်။ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်မှုလဲ ဖြစ်တယ်။ အသိအမြင် ဆင်ခြင်ဉာဏ်လဲ ဖြစ်တယ်။ အလုပ်လမ်းညွှန်လဲဖြစ်တယ်။ ဒါကြောင့် ဘယ်အရာမှာမဆို ကြွယ်ဝ ရင့်ကျက်တဲ့ အတွေ့အကြုံနဲ့သာ အမှန်တရား(မှန်တဲ့လမ်းစဉ်)ကို ရွေးချယ်ကျင့်သုံး နိုင်မယ် ဖြစ်တယ်။ “မှန်တဲ့လမ်းစဉ်တစ်ရပ်ရှိရုံနဲ့ တိုက်ရိုက် အောင်ပွဲခံရမယ်လို့ အဓိပ္ပာယ်မရပါ။ မှန်တဲ့လမ်းစဉ်ဟာ အောင်ပွဲကို လိုလားတဲ့ ဆန္ဒသာဖြစ်ပါတယ်။ အဲဒီမှန်တဲ့ လမ်းစဉ်ကို မှန်တဲ့ လုပ်နည်းလုပ်ဟန်တွေနဲ့ အကောင်အထည်ဖော် နိုင်မှသာ အောင်ပွဲခံနိုင်မယ်”လို့ လူမှုသိပ္ပံပညာရှင်တွေက ဆိုပါတယ်။

၁၉၈၈ခုနှစ် အရေးအခင်းမှာ မင်းမဲ့စရိုက်ဆိုးတွေ ဝင်လာပြီး သူတစ်လူ ငါတစ်မင်းနဲ့ နိုင်ငံတော်ပြိုကွဲတော့မယ့် အန္တရာယ်ကြုံလာတဲ့အခါ ဘယ်အဖွဲ့ အစည်း၊ ဘယ်နိုင်ငံရေးပါတီအင်အားစု၊ ဘယ်လူပုဂ္ဂိုလ်ကြီးငယ်ကမျှ ဝင်ရောက် ထိန်းသိမ်းနိုင်စွမ်း မရှိတော့တဲ့အတွက် အတွေ့အကြုံရင့်ကျက်ခိုင်မာပြီး စည်းကမ်း အရှိဆုံး အမျိုးသားတပ်မတော်ကသာ ဝင်ရောက်ထိန်းသိမ်းခဲ့ရတယ်။ နိုင်ငံတော် တာဝန်ကို မလွှဲမရှောင်သာ ဝင်ရောက်ထမ်းဆောင်လာခဲ့ရတယ်။

အဲဒီလို နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်လာခဲ့ရတဲ့ တပ်မတော် အစိုးရဟာ သမိုင်းအတွေ့အကြုံများအပေါ် သင်ခန်းစာရယူပြီး နိုင်ငံတော်ကို လက်ဝဲစွန်း၊ လက်ယာစွန်း ချောက်ကမ်းပါးထဲ မကျရောက်ရအောင် ကြိုးပမ်း ထမ်းဆောင်လာခဲ့တယ်။ ဦးတည်ချက်(၁၂)ရပ် ချမှတ်ပြီး ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်လာခဲ့တယ်။ ဒီအပေါ် လက်ဝဲစွန်း၊ လက်ယာ စွန်း အဆိုးမြင်ဝါဒီတွေက ဆန့်ကျင်လာခဲ့ကြတယ်။ ဒါပေမယ့် တပ်မတော် အစိုးရဟာ နိုင်ငံတော်ကို မနားမနေ ထူထောင်လာနိုင်တဲ့အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နဲ့ အမျိုးသားပြန်လည်သင့်မြတ် စည်းလုံးရေးကို ရရှိလာတယ်။ နိုင်ငံလဲ ဘယ်ခေတ် ဘယ်အခါနဲ့မျှ မတူအောင် ပြောင်းလဲ တိုးတက်လာတယ်။ ဒီကနေ့ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာမှာ ပထမ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသား ညီလာခံကြီးကို ဆက်လက် ကျင်းပလာနိုင်ခဲ့ပါတယ်။ ယခုလို ဆက်လက် ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးကို တစ်ချိန်က ရွေးကောက်ပွဲမှာ အများစု အရွေးချယ်ခံရတဲ့ ပါတီအဖွဲ့အစည်းအပါအဝင် အရွေးချယ်ခံရသော ပါတီ အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးညှိနှိုင်းသဘောတူမှုယူပြီး ကျင်းပခဲ့တာဖြစ်ပါတယ်။ စတင်ကျင်းပစဉ်က ရွေးကောက်ပွဲမှာ အရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်များ၊ တရားဝင် နိုင်ငံရေးပါတီအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် တစ်မျိုးသားလုံးကိုယ်စား လူထုလူတန်းစားအသီးသီးကို ကိုယ်စားပြုတဲ့ အလွှာ ရှစ်လွှာမှ ကိုယ်စားလှယ်တွေဟာ စိတ်တူကိုယ်တူ တက်ရောက်ခဲ့ကြပြီး အခြေခံမူကြီး ၁၀၄ချက်ကို တညီတညွတ်တည်း ချမှတ်ခဲ့ကြပါတယ်။ ဒီနောက်ပိုင်း ရွေးချယ် ခံရတဲ့ ပါတီအဖွဲ့အစည်းအချို့ဟာ ပြည်ပ ပယောဂ ပူးဝင်လာပြီး မူလပင်ကို သဘောထားကို လုံးဝပစ်ပယ်ကာ အမျိုးသား ညီလာခံကြီးကို ဆန့်ကျင်လာ ခဲ့ကြပါတယ်။ အဆိုးမြင်ဝါဒ ကျင့်သုံးလာခဲ့ပါတယ်။ ဒီအပေါ် အခွင့်ကောင်း ထပ်ယူကာ ပြည်ပနိုင်ငံကြီးအချို့က သူတို့ ဩဇာခံသတင်းဌာနတွေနဲ့ ပူးပေါင်းပြီး မြန်မာပြည်တွင်းရေးကို ပြောင်ပြောင် တင်းတင်း ဝင်ရောက်စွက်ဖက် လာခဲ့ပါတယ်။ အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်းကိုလဲ အမျိုးမျိုး သွေးထိုးလုပ်ကြံလာခဲ့ကြပါတယ်။

ဒါပေမယ့် တစ်မျိုးသားလုံး လိုလားတောင့်တနေတဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ အမျိုးသား ညီလာခံကြီးကို အမျိုးသားရေးအားမာန်နဲ့ ပိုမိုစည်းလုံးခိုင်မာစွာ ဆက်လက် ကျင်းပလာခဲ့ပါတယ်။ အမျိုးသားညီလာခံကြီးမှာ တက်ရောက်နေတဲ့ ကိုယ်စားလှယ် ၆၀၀ကျော်တို့ဟာ တိုင်းရင်းသားလူမျိုးအားလုံးကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေ ဖြစ်ပါတယ်။ ပြည်နယ်၊ တိုင်းအသီးသီးက မြို့နယ်အားလုံးကို ကိုယ်စားပြုနေတာလဲ ဖြစ်ပါတယ်။ အခြားသော လူထုလူတန်းစားအလွှာ များက ကိုယ်စားလှယ်များ၊ အတတ်ပညာရှင်၊ အသိပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ တရားရေးဆိုင်ရာ အတွေ့အကြုံ ရင့်ကျက်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေဟာ အသက်၅၀ ဝန်းကျင်၊ ၆၀ကျော်၊ ၇၀ ဝန်းကျင်အထိ ဖြတ်သန်းလေ့လာဆည်းပူးခဲ့ကြတဲ့ သမိုင်းအတွေ့အကြုံ၊ လုပ်ငန်း ဆိုင်ရာ အတွေ့အကြုံ ရင့်ကျက်ကြွယ်ဝသူများ ဖြစ်ကြပါတယ်။ ဒါ့အပြင် အဆင့်မြင့်ပညာရပ်မှာ မဟာဘွဲ့အဆင့်ထိ ရရှိသူများ၊ ဘွဲ့ရရှိသူများ အများအပြား ပါဝင်ပါတယ်။ အခုလိုဘက်စုံထောင့်စုံအတွေ့အကြုံ၊ အရည်အချင်း၊ အတတ်ပညာ၊ အသိပညာ အရည်အချင်းစုံညီတဲ့ ကိုယ်စားလှယ်တော်ကြီးများဟာ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး စိတ်ဓာတ်နဲ့ အမျိုးသားရေးခံယူချက်ပြည့်ဝတဲ့ ပုဂ္ဂိုလ်များဖြစ် ကြပါတယ်။ ဘယ်လို သွေးထိုးဖြိုခွဲမှု၊ ဘယ်လိုမှိုင်းတိုက် သပ်လျှိုမှုမျိုးကိုမဆို ရင်ဆိုင် ကျော်လွှားလွန်မြောက်နိုင်တဲ့ ဒေါင်ဒေါင်မြည် ကိုယ်စားလှယ်တော်ကြီးများ

အောင်မိုးခံ

ဖြစ်ပါတယ်။ ဒါကြောင့်လဲ **တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ ညီလာခံ ကိုယ်စားလှယ်တော်ကြီးတွေဟာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေး တာဝန်ကြီးကို မပျက်မကွက် ထမ်းဆောင်လာနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ အမျိုးသားရေး စံဖြစ်သလို အမျိုးသားရေးစွမ်းပကားလဲ ဖြစ်ပါတယ်။**

ဒါကြောင့် ဇန်နဝါရီလ၂၃ရက်နေ့က ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒဂုံ ရိပ်သာမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကချင်ပြည်နယ်အထူးဒေသ(၂)မှ ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်း၊ အတွင်းရေးမှူး ဒေါက်တာလဂျာ၊ ငြိမ်းချမ်းရေး အကျိုးဆောင် များဖြစ်ကြသော ဒေါက်တာဇော်ဂွမ်၊ ဦးခွန်မြတ်တို့အား လက်ခံတွေ့ဆုံစဉ်မှာ–

“အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏အနာဂတ်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးနှင့်တကွ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ရေရှည်အာမခံနိုင်မည့် အပြင် တိုင်းရင်းသား လူမျိုးများအားလုံး၏ အကျိုးစီးပွားကို ညီညွတ်မျှတစွာ ဖော်ဆောင်နိုင်မည့် တစ်မျိုးသားလုံးအတွက် အကောင်းဆုံးဖြစ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အခြေခံ ရမည့် အခြေခံမူများကို ဆွေးနွေးချမှတ်နေခြင်း ဖြစ်ကြောင်း၊ အမျိုးသား ညီလာခံကြီးက အသေးစိတ်အခြေခံမူများ ချမှတ်ပေးပြီးနောက် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး၊ ပြည်သူလူထု၏ သဘောထား ဆန္ဒခံယူအတည်ပြုရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပရေးစသည့် လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ကြရဦးမည် ဖြစ်ကြောင်း”

ပြောကြားခဲ့ပါတယ်။

ဒီအမျိုးသားညီလာခံကြီးက အမြော်အမြင် ဆင်ခြင်ဉာဏ်ပြည့်ဝစွာနဲ့ အမျိုးသားရေးတာဝန်ကို အောင်မြင်ပြီးမြောက်အောင် ထမ်းဆောင်သွားမယ် ဖြစ်ပါတယ်။ ဒီကနေ့ ဒီမိုကရေစီထူထောင် ကူးပြောင်းလာကြတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ တွေမှာ ပြည်ပက ဝင်ရောက်စွက်ဖက်မှုကြောင့် ပြိုကွဲပျက်စီးခဲ့ရမှုတွေ၊ အချို့ဖွံ့ဖြိုး ဆဲနိုင်ငံတွေကို ပြည်ပကအင်အားသုံး ကျူးကျော်မှုကြောင့် အပြစ်မဲ့ပြည်သူတွေ နေ့စဉ်သေပွဲဝင်နေရတဲ့ အဖြစ်ဆိုးတွေကိုလဲ မျက်မြင်ကိုယ်တွေ့ လေ့လာသုံး သပ်ဆင်ခြင်သတိချပ်နိုင်လို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ပနိုင်ငံကြီးတွေက ဩဇာခံပြုရေးအတွက် တစ်ပါးပြည်တွင်းရေးကို ဘယ်လိုဝင်ရောက်စွက်ဖက် လာနိုင်တယ်၊ ဘယ်လို သွေးထိုးဖြိုခွဲလာနိုင်တယ်ဆိုတာတွေကိုလဲ ကြိုတင်တွက်ဆ သိမြင်ထားကြလို့လဲ ဖြစ်ပါတယ်။

ယနေ့အခါမှာ အနောက်နိုင်ငံကြီးတစ်နိုင်ငံဟာ နိုင်ငံတကာပြည်တွင်းရေး တွင် ဝင်ရောက်စွက်ဖက်နိုင်အောင်၊ နိုင်ငံ့ဘတ်ဂျက်တွင် အသုံးစရိတ်ကို တရားဝင် ထည့်သွင်းသတ်မှတ်ထားပြီး ဒီမိုကရေစီရေး အထောက်အကူပြုဖို့လို့ အကြောင်းပြလျက် နိုင်ငံများစွာရှိ အတိုက်အခံအဖွဲ့များ၊ ပုဂ္ဂိုလ်များ၊ သူပုန်သူကန်များကို ခွဲဝေထောက်ပံ့ပေးနေပါတယ်။ ဒီအကြောင်းတွေကို နိုင်ငံတကာကလဲ သိရှိထားပြီးဖြစ်ပါတယ်။

အလားတူ ဥရောပတိုက်အတွင်း တည်ထောင်ထားသော ရေဒီယိုဖရီးယူရုပ် (RFE)ခေါ် လွတ်လပ်သော ဥရောပရေဒီယို၊ ရေဒီယိုလစ်ဘရေးရှင်းခေါ် လွတ်လပ်ရေးရေဒီယိုတို့ဟာ အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံများနဲ့ ဆိုဗီယက် ပြည်ထောင်စုတို့ကို ထိုးနှက်ဖြိုခွဲဝါဒဖြန့် မှိုင်းတိုက်ဖို့ အဲဒီ အနောက်နိုင်ငံ ကြီးကပဲ ထောက်ပံ့တည်ထောင်ထားတာ ဖြစ်ပါတယ်။ လက်တင်အမေရိကနိုင်ငံ များရှိ ဆိုရှယ်လစ်အစိုးရများ၊ လက်ဝဲယိမ်းအဖွဲ့အစည်းများကို ထိုးနှက်ဖို့ ရေဒီယိုဆွမ်း၊ ရေဒီယိုဟိုဆေမာတီ၊ တီဗွီမာတီတို့ကို စီအိုင်အေကပင် တည်ထောင် ထားတယ်။ အာရှဒေသက ဆိုရှယ်လစ်နိုင်ငံများနဲ့ အနောက်ရဲ့ဩဇာမခံသော အမျိုးသားရေးဝါဒီ အစိုးရများကို ထိုးနှက်တိုက်ခိုက်ဖို့ မမှန်သတင်းတွေနဲ့ မှိုင်းတိုက်သွေးခွဲသော RFA ခေါ် လွတ်လပ်သော အာရှရေဒီယို၊ ကွန်–၄ အသံလွှင့်ဌာန၊ ဒီဗွီဘီ အသံလွှင့်ဌာနတို့ကိုလဲ အနောက်အဖွဲ့အစည်းတွေကပဲ ထောက်ပံ့တည်ထောင်ပေးထားခြင်းဖြစ်တယ်။ ဘီဘီစီနဲ့ ဗွီအိုအေ ရေဒီယို အသံလွှင့်ဌာနများဟာလဲ အနောက်နိုင်ငံများရဲ့ ဩဇာအောက်မှာပင်ရှိနေပြီး ၎င်းတို့ ထိုးနှက်လိုတဲ့ နိုင်ငံများကို မှိုင်းတိုက် လွှင့်ထုတ်ပေးလျက်ရှိ ပါတယ်။

ဒီကနေ့ အမျိုးသားညီလာခံကြီးမှာ တက်ရောက်နေကြတဲ့ အမျိုးသား ညီလာခံကိုယ်စားလှယ်တော်ကြီးတွေဟာ အထက်တွင်ဖော်ပြခဲ့တဲ့ ကမ္ဘာ့သမိုင်း နှင့် မြန်မာ့သမိုင်းမှ သင်ခန်းစာတွေ၊ မျက်မှောက်ကာလ နိုင်ငံတကာ အခြေ အနေနဲ့မြန်မာနိုင်ငံရဲ့အနေအထားနဲ့ပြည်တွင်းပြည်ပအဖျက်သမားများရဲ့ နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေး အပါအဝင် ကိုယ်ပိုင်မီဒီယာနဲ့ ထောက်ပံ့ကူညီ ထားတဲ့ မီဒီယာတွေကိုသုံးပြီး ပူးပေါင်းလုပ်ကြံဖန်တီးမှုတွေကို နှံ့နှံ့စပ်စပ် ထဲထဲဝင်ဝင် သိမြင်ဆင်ခြင်နိုင်စွမ်းရှိပြီး အမျိုးသားရေးခံယူချက်ပြည့်ဝစွာနဲ့ အမျိုးသားရေး အကျိုးကို ဦးလည်မသုန် ရှေးရှုထမ်းဆောင်နေကြတဲ့ ကိုယ်စားလှယ်တော်ကြီး များဖြစ်ကြတယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ ညီလာခံ ကိုယ်စားလှယ်တော်ကြီးတွေဟာ စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေး တာဝန်ကြီးကို မပျက်မကွက် ထမ်းဆောင်လာနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ အမျိုးသားရေး စံဖြစ်သလို အမျိုးသားရေးစွမ်းပကားလဲ ဖြစ်ပါတယ်။

ဖေဖော်ဝါရီ ၁၉ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌဦးအောင်လွင် ဦးဆောင်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရွာသာကြီးရှိ စီးပွားရေးတက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေး အတွက် လူမှုရေးအသင်းအဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက် ကြစဉ်။ (က–ပ)

၂၀၀၃–၂၀၀၄ ပညာသင်နှစ် သင်္ဃန်းကျွန်းမြို့နယ် အလက(၄) ကျောင်း၏ ကျောင်းဘက်စုံဖွံ့ဖြိုးရေး အကျိုးတော်ဆောင်အဖွဲ့နှင့် မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်း အုပ်ဆရာမကြီး ဒေါ်ခင်အေးအေးထံ အလှူရှင် ဦးလှစံ–ဒေါ်ခင်စန်းမြင့် (ဖိုးဝသနပ်ခါး)လုပ်ငန်းတို့က ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် အလှူငွေ ကျပ်သုံးသိန်းငါးသောင်း ပေးအပ်လှူဒါန်းစဉ်။ (ဝ၅၂)

နာရေးကူညီမှုအသင်း(ရွှေပြည်သာ)သို့ အသင်း၏ ဩဝါဒါစရိယ မန္တလေးကျောင်းတိုက်ဆရာတော် ဦးဇဝန(မေတ္တာရှင်–ရွှေပြည်သာ)က နှစ်(၄၀)မြောက် မွေးနေ့အဖြစ် ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဆရာတော်ကိုယ်စား ညီဖြစ်သူ ဦးစိုးတင့်က ပေးအပ်လှူဒါန်းရာ အသင်း ဥက္ကဋ္ဌဦးမြတ်ဝေနှင့် တွဲဖက်အတွင်းရေးမှူး ဦးချစ်သင်း (စာရေးဆရာ ခန့်ကျော်)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ဖေဖော်ဝါရီ ၂၅ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့ အောင်အရပ်ဘုံ သိဒ္ဓိကူဋ္ဌာသယလာဘံ စေတီတော် အမှတ်(၂)နေရာ၌ မဟာဗောဓိပင်ပျိုကို စိုက်ပျိုးပူဇော်စဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် ဓမ္မရတနာသာသနာ့ရိပ်သာတွင် ပထမအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေပြု သင်တန်းကို မတ်၂၆ရက်မှ ဧပြီ၁၀ရက်အထိ ဓမ္မရတနာရိပ်သာတွင် သင်ကြားပို့ချမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများသည် ဓမ္မရတနာရိပ်သာသို့ မတ် ၁ရက်တွင် လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ကျောင်းသားဦးရေ ကန့်သတ်ထားရာ သင်တန်းဝင်ခွင့်လျှောက်လွှာများ တင်သွင်းကြရန်နှင့် ဖုန်း–၅၇၁၆၄၂သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

သံအမတ်ကြီးဦးညွန့်မောင်ရှိန်အား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်ခန့်အပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညွန့်မောင်ရှိန်အား ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌအားကစားဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၅ ခုနှစ် မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

Myanmar PGA၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Asian Tour Ltd. တို့က ကြီးမှူး၍ Rothmans of Pall Mall Myanmar Pte., Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၅ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲကို ယနေ့နံနက်၉နာရီ ၃၁မိနစ်တွင် ရန်ကုန်မြို့ တညင်းကုန်း ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေ၄နာရီ၁၀မိနစ်တွင် ယင်းဂေါက်ကွင်း၌ ကျင်းပသည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့် မြန်မာအိုးပင်း (၂၀၀၅) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမ ရရှိသော Scott Strange **(သြစတြေးလျ) အား** Crystal Trophy **ဆုချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)**

ကြည့်ရှုအားပေး

ဆုချီးမြှင့်သည့်အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ Myanmar PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်၊ Rothmans of °Pall Mall Myanmar Pte., Ltd. မှ Marketing Director, Mr. Anthony Wong နှင့် တာဝန်ရှိသူများ၊ Myanmar PGA အထွေထွေအတွင်းရေးမှူး Professional Golfer ဦးချမ်းဟန်နှင့် ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Mr. Louis Martin (Chief Executive of The Asian Tour) က အမှာစကားပြောကြားသည်။

ဆက်လက်၍ Mr. Anthony Wong (Marketing Director, Rothmans of Pall Mall Myanmar Pte.,Ltd.)က ရန်ကုန်ဂေါက်ကလပ်မှ ဦးအေးချိုအားလည်းကောင်း၊ Myanmar PGAနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌအား လည်းကောင်း၊ Mr. Louis Martin (Chief Executive of The Asian Tour)°အားလည်းကောင်း၊ Myanmar PGA နှင့် MGF ဥက္ကဋ္ဌက Mr. Anthony Wong (Marketing Director, Rothmans Of Pall Mall Myanmar Pte.,Ltd.)အားလည်းကောင်း အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ဆက်လက်၍ ဦးကြည်လှဟန် (Chairman of The Asian Tour)က Autographed Pinflat of Asian Tour°ကို Mr. Anthony Wong အားလည်းကောင်း၊ Mr. Louis Martin°က Asian Tour° အမှတ်တရလက်ဆောင်ကို ရန်ကုန်ဂေါက်ကလပ်မှ ဦးအေးချိုအားလည်းကောင်း ပေးအပ်ကြပြီး ဦးကြည်လှဟန်က Autographed Caddie BIB° ကို MPGA နှင့် MGF ဥက္ကဋ္ဌအား ပေးအပ်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ Myanmar PGAနှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က အပျော်တမ်းပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသော ဘိုဘို (Best Myanmar Amateur)အား Silver Trophy ကို လည်းကောင်း၊ မြန်မာဂေါက်သီးရိုက် အားကစားသမားများအနက် အကောင်းဆုံး အားကစားသမားဆုရရှိသော မင်းနိုင်(Best Myanmar Players)အား Crystal Trophy°ကို လည်းကောင်း၊ Octagon နှင့် Han Event Management တို့က လည်း ဆုအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀စီကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီ လျှော့ရိုက်ကြပြီး စုစုပေါင်း အချက်၂၈၀စီဖြင့် ပူးတွဲတတိယရရှိကြသော Ashok Kumar (အိန္ဒိယ)နှင့် ချန်ပီယံဟောင်း Thong-Chai Jaidee(ထိုင်း)တို့အား လည်းကောင်း၊ သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျှော့ရိုက်ပြီး စုစုပေါင်း ၂၇၉ချက်ဖြင့် ဒုတိယရရှိသော Rick Gibson (ကနေဒါ) အားလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ချက်လက်မှတ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က သတ်မှတ်ရိုက်ချက်ထက် ၁၁ချက်လျှော့ရိုက်ပြီး ၆၉+၇၂+၆၉+၆၇ စုစုပေါင်း ၂၂၇ချက်ဖြင့် ပထမရရှိသော Scott Strange(သြစတြေးလျ)အား Crystal Trophy ဆုကို ချီးမြှင့်ပြီး Mr.Anthony Wong (Marketing Director, Rothmans of Pall Mall Myanmar Pte.,Ltd.)က ပထမရရှိသော Scott Strange (သြစတြေးလျ)အား ဆုကြေးငွေ ချက်လက်မှတ်ကို ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် Scott Strange(သြစတြေးလျ)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး MPGAနှင့် MGFဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် တာဝန်ရှိသူများသည် အောင်ပွဲရ ဂေါက်သီးရိုက် အားကစားသမားများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

မြန်မာအိုးပင်း(၂၀၀၅)ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသော Scott Strange (သြစတြေးလျ)က ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၃၂၃၀၀ ကို လည်းကောင်း၊ ဒုတိယရရှိသော Rick Gibson (ကနေဒါ)က ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂၂၂၆၀ကို လည်းကောင်း၊ ပူးတွဲတတိယရရှိသော Ashok Kumar (အိန္ဒိယ) နှင့် ချန်ပီယံဟောင်း Thongchai Jaidee (ထိုင်း)တို့က ဆုကြေးအမေရိကန်ဒေါ်လာ၁၁၂၀၀စီကိုလည်းကောင်း အသီးသီးဆွတ်ခူးသွားကြသည်။

ပံ့ပိုးကူညီ

ယင်းပြိုင်ပွဲ၏ Co-Sponsor အဖြစ် Myanmar Airways International(MAI) က လည်းကောင်း၊ Sponsors များအဖြစ် Sedona Hotels(Myanmar), Srixon, Myanmar Brewery Ltd., Canon(Accel International Co.,Ltd.) နှင့် Max Myanmar Co.,Ltd. တို့က လည်းကောင်း ထပ်မံ၍ ကူညီပံ့ပိုးကြပြီး ယင်းပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management နှင့် Octagon တို့က တာဝန်ယူဆောင်ရွက်ပေးလျက် ရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၈–၂–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၈။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၁၇:၁၅ ၆။ အကပဒေသာ
- ၁၇:၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၁၇:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၇:၅၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၈:၀၀ ၁၀။ Discovery
- ၁၈:၁၅ ၁၁။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“မျောက်မင်းဝူခုန်း”** (အပိုင်း–၇၁)
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၁၉:၂၀ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၃၅ ၁၆။ ဇင်ပြွန်းကုန်းကျေးရွာ၏ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး
- ၁၉:၄၅ ၁၇။ **အမျိုးသားညီလာခံဂုဏ်ပြုတေး**
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **“သံစဉ်မဲ့ချစ်သူ”** (အပိုင်း–၄၂)
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

တောင်ဥက္ကလာပ မြို့နယ် အမှတ်(၁၄)ရပ်ကွက် အောင်မြေကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၂ရက်က အောင်မြေလောက ဓမ္မာရုံရှိ အောင်မြေ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးတိုးလင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သန်းနွဲ့နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

တိုင်းမှူးပိုလ်ချုပ်ခင်မောင်မြင့် မြို့နယ်များ၌စိုက်ပျိုးနေသော နွေစပါးစိုက်ခင်းများစစ်ဆေး တောင်သူလယ်သမားများဝင်ငွေတိုးမည့် ရွှေရင်အေးစပါး တိုးချဲ့စိုက်ပျိုးရေး မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ၂၁ရက် နံနက်စနာရီက ကလောမြို့နယ် ဟဲဟိုးကျေးရွာအုပ်စု နွေစပါး ၂၅၈ဧက စိုက်ခင်းသို့ရောက်ရှိရာ စိုက်ခင်းရှင်းလင်းဆောင်တွင် တိုင်းမှူးအား ကလောမြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု နွေစပါးစိုက်ခင်းတွင် ရွှေရင်အေး နွေစပါးဧက ၁၀၀ လျာထား စိုက်ပျိုးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စု ရွှေရင်အေးနွေစပါးစိုက်ခင်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် တိုင်းမှူးအား ဖယ်ခုံမြို့နယ် ဥက္ကဋ္ဌ ဦးညွန့်ဝေက မြို့နယ်အတွင်း နွေစပါးဧက ၃၅၀၀လျာထား စိုက်ပျိုးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြား၍ တောင်သူ ဦးကျော်ဝင်း၏ စိုက်ခင်းအတွင်း အထူးအထွက်တိုး ရွှေရင်အေး နွေစပါး ပျိုးထောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် တိုင်းမှူးသည် ကယားပြည်နယ် လွိုင်ကော်မြို့နယ် ဝါရီကောခုကျေးရွာသို့ ရောက်ရှိပြီး တောင်သူဦးကာလို့၏ လယ်မြေ၌ အထူးအထွက်တိုး ရွှေရင်အေးနွေစပါး စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် စိုက်ကွင်းရှင်းလင်းဆောင်တွင် တိုင်းမှူးအား ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးခင်မောင်လတ်က ပြည်နယ်အတွင်း နွေစပါးနှင့် အခြားသီးနှံများစိုက်ပျိုးထားရှိမှု၊ အထူးအထွက်တိုး ရွှေရင်အေးနွေစပါး စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ရွှေရင်အေးနွေစပါးစိုက်ပျိုးရာတွင် ရေသွင်းရေထုတ် မှန်ကန်ရေးဂရုပြုဆောင်ရွက်သွားရန်နှင့် ရွှေရင်အေးစပါးသည် အထွက်နှုန်း အထူးကောင်းမွန်သဖြင့် ဒေသခံတောင်သူများ၏ ဝင်ငွေတိုးတက်ပြီးစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ရွှေရင်အေး နွေစပါးမျိုးများကို တိုးချဲ့စိုက်ပျိုးသွားရေး ဆွေးနွေးမှာကြားကာလိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်ပွဲ

ဗဟန်းမြို့နယ်တွင် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဗဟန်းမြို့နယ်ရုံးမှ ကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၅)ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၁ရက် နံနက် ၉နာရီက ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်အောင် **(အပေါ်ပုံ)**နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုတို့က အမှာစကားပြောကြားကြပြီး သင်တန်းကြီးကြပ်ရေးကော်မတီဝင် ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ထွေးက သင်တန်း စည်းကမ်းများ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ငွေကျပ် ၅၀၀၀ တန်ဖိုးရှိ သင်တန်းရင်ထိုးတံဆိပ်တို့ကို ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ လှူဒါန်းသည်။

တက်ရောက်

အဆိုပါစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၅)သို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၅ဦး တက်ရောက်ကြောင်း သိရသည်။ **(က-ပ)**



ဖေဖော်ဝါရီ၁၉ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၈)အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်းက မောင်ဝင်းထက်ခိုင်အား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် စံပြ(၁)လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ် ၂၆၀တွင် ခုနစ်ရက်တရားစခန်းပွဲကို တပို့တွဲလပြည့်ကျော် ၈ရက်မှ ၁၄ရက် (မတ် ၃ရက်မှ ၉ရက်)အထိ ကျင်းပမည် ဖြစ်ရာ အဖွဲ့ချုပ်၏ နာယက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော် ဦးအဂ္ဂဉာဏ အရှင်သူမြတ်က မြတ်စွာဘုရား၏အလိုတော်ကျ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တပို့တွဲလပြည့်ကျော် ၇ရက် ညနေ၅နာရီအရောက် ကြွရောက်တရားဝင် တရားအားထုတ်နိုင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၂၂ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် ထမနဲ ဆက်ကပ်လှူဒါန်းပွဲနှင့် ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ (က-ပ)

ဗီဒီယိုဥပဒေစည်းမျဉ်းစည်းကမ်းများ ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီနှင့် ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့တို့ ကြီးမှူးကျင်းပသော ဗီဒီယိုဥပဒေစည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက်က မော်လမြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ပြည်နယ်အုပ်ချုပ်ရေးမှူး မွန်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက ဗီဒီယိုစည်းမျဉ်းစည်းကမ်းများလိုက်နာရေးကိုလည်းကောင်း၊ ပြည်နယ်အခွန်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဗိုလ်မှူး ထွန်းထွန်းအောင်က အခွန်ပိုင်းဆိုင်ရာများကိုလည်းကောင်း၊ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း မွန်ပြည်နယ် မန်နေဂျာဦးသိန်းဝင်းက ရုပ်သံဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့ ဒုတိယရဲမှူး စိုးမြင့်က အရေးယူရေးပိုင်းဆိုင်ရာများကို လည်းကောင်း၊ မွန်ပြည်နယ် ဗီဒီယို အခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးချန်ထွန်းက မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရေးတို့ကိုလည်းကောင်းရှင်းလင်းတင်ပြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မလွန်ဆန်လှူအသင်း ထာဝရကုသိုလ်အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မန္တလေးမြို့ မလွန်ဈေး ဆန်လှူအသင်း ထာဝရ ကုသိုလ်တော်အတွက် အမှတ် ၉၃၀ ခရစ်ယာန်ကျောင်းလမ်း အောင်ဆန်းရပ်ကွက် အင်းစိန်မှ အောင်ဆန်း ဆန်လှူအသင်းထောက် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်း (တင့်ထူးကဖီး) မောင်နှမတစ်စုတို့က ငွေကျပ်၁၀ သိန်းနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မဟာသိမ်တော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ မန္တလေး မလွန်ဈေးဆန်လှူအသင်းမှ ငွေထိန်း ဦးသင်းမောင်နှင့် အောင်ဆန်းမလွန်ဆန်အသင်းထောက် အတွင်းရေးမှူး ဦးညွန့်ဆိုင်တို့က လက်ခံရယူကြကြောင်း သိရသည်။ **(က-ပ)**

ဝိနယာသီသစာတော်ပြန်ပွဲ စာအောင်ဆုနှင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ ရွှေညဝါပညာ့ဗိမာန်ကျောင်းတော်ကြီး သာခုပရိယတ္တိစာသင်တိုက်တွင် ဝိနယာသီသစာတော်ပြန်ပွဲ၊ စာအောင်ဆုနှင်းပွဲနှင့် ကျောက်စာတိုင်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၉နာရီက ထိုကျောင်းတိုက်၌ကျင်းပရာ ဩဝါဒ ပါတိမောက်ကျောက်စာကို မြို့နယ် သံဃနာယကဆရာတော် ဦးဥက္ကံသနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးတို့က ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာအောင်သံဃာတော် ၁၃၉ပါးတို့အား တာဝန်ရှိသူများက စာအောင်ဆုများ ဆက်ကပ်ပူဇော်ကြကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၂၄ ရက် က ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် တက်လမ်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်တင်ရီနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မောင်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရတနာကျွန်းရိပ်သာ သုနန္ဒာလမ်းမကြီး အမှတ် ၂၂နေ ဗိုလ်မှူးကြီးမြမောင်(ငြိမ်း)-ဒေါ်တင်မိုးရည် သားသမီး၊ မြေးမြစ်တစ်စုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အခြေခံစာရင်းရေးနှင့် စာရင်းကိုင်ပညာသင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် အခြေခံစာရင်းရေးနှင့် စာရင်းကိုင်ပညာသင်တန်း(ကြီးကြပ်ဝန်ထမ်းနှင့်အရာရှိအဆင့်) အမှတ်စဉ်(၁/၂၀၀၅)သင်တန်းဆင်းပွဲ အခမ်းအနားကိုဖေဖော်ဝါရီ၂၅ရက် နံနက်၁၀ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)သင်တန်းခန်းမ၌ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ယင်းအခမ်းအနားသို့ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးဗိုလ်မှူးကြီးဆန်းထွန်းနှင့် အထွေထွေ မန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ လက်ထောက်အထွေထွေမန်နေဂျာများ၊ မန်နေဂျာများ၊ သင်တန်းနည်းပြများ၊သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

အဆိုပါအခြေခံစာရင်းရေးနှင့်စာရင်းကိုင်ပညာသင်တန်း (ကြီးကြပ်ဝန်ထမ်းနှင့်အရာရှိအဆင့်) အမှတ်စဉ်(၁/၂၀၀၅)သင်တန်းသို့ သင်တန်းသား ၄၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(က-ပ)

ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဇေယျဝတီမြို့ ဓမ္မာရုံကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ၊B.A)သည် ရှမ်းပြည်နယ် လွိုင်ကော်မြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၈၁)တွင် မတ် ၂၆ရက်မှ ဧပြီ ၁ရက်အထိ၊ ဧပြီ ၃ရက်မှ ၉ရက်အထိ မိုးဗြဲမြို့တွင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအားလှည့်လည်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယစစ်ထောက်ချုပ် ဗိုလ်မှူးကြီးတင်ရွှေတို့သည် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့် ခရီးသွားလာ ရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် အဖွဲ့ဝင်များဖြစ်ကြသော တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ညနေပိုင်းတွင်လည်းကောင်း မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည် စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်း လိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်) နှင့်ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(သတင်းစဉ်)**

စစ်ဆေးကြပ်မတ်

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင် မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည် စစ်ဆေး ကြပ်မတ်ကြစဉ်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊အမှတ်(၁၈)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကိုကို(စက်မှုတက္ကသိုလ်) စီစဉ်သည့် ဖလားဝါးနယူးစ်ဂျာနယ်တွင် အယ်ဒီတာ့ဒိုင်ယာရီ၊ မြန်မာ-လာအို မဲခေါင်မြစ်ကူး ချစ်ကြည်ရေးကြိုးတံတား ဆောက်လုပ်တော့မည်၊ ကမ္ဘာ့မှတ်တမ်းမတင်ရသေးသော ကြိမ်မျိုးစိပ်သစ်များ မြန်မာနိုင်ငံတွင် ရှာဖွေတွေ့ရှိ၊ အရှေ့တောင်အာရှ၏ တစ်ခုတည်းသော ရေးဟောင်းသုတေသနဒီပလိုမာ မြန်မာနိုင်ငံတွင်ရယူနိုင်မည် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အီရန်နိုင်ငံ၌ ငလျင်ကြီးထပ်လှုပ်သဖြင့် လူ ၄၀၀ကျော်ဖိတ်စဉ်၊ နစ်ဆန်ကုမ္ပဏီ၏ဥဏ်ကြွယ် ကားလမ်းကို အလိုအလျောက်တည့်ပေးနိုင်၊ ကင်ဆာဖြစ်စေနိုင်သော ဆိုးဆေးပါသည့် စားသောက်ကုန်အမည် ၄၀၀ကျော် ဗြိတိန်တွင် ပြန်သိမ်းနေ စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း- ၅၄၈၈၈၁က ဖြန့်ချိထားသည်။

(က-ပ)

ဖေဖော်ဝါရီ ၂၆ရက်က ဗဟန်းမြို့နယ် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ်မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ပထမတန်းမှ ပထမဆုရရှိသူ မရွှန်းလပြည့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ချိုဝင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

သာယာမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့သာသာယာယာရှိမည်။

မြန်မာရုပ်ရှင်ဇာတ်ကားအချို့လက်စသတ်ရိုက်ကူး

မောင်ဆွေထွန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာရုပ်ရှင်ဇာတ်ကားများဦးတည်ချက်ပြည့်ဝစွာဖြင့် စဉ်ဆက်မပြတ်ရိုက်ကူးလျက်ရှိရာ ဇာတ်ကားအချို့နယ်ထွက်ကာ အပြီးသတ် ရိုက်ကူးလျက်ရှိကြောင်းသိရသည်။

မေ့မရတဲ့နေ့များ

မေ့မရတဲ့နေ့များဇာတ်ကားမှ ဒွေးနှင့် ထက်ထက်မိုးဦး။

လှိုင်ရုပ်ရှင်အတွက် ဒါရိုက်တာမောင်နန္ဒရိုက်ကူးသည့် **'တောင်သမန်သစ္စာ'** ဇာတ်ကား မန္တလေးသို့သွားရောက်ရိုက်ကူးလျက်ရှိပြီး မကြာမီအပြီးသတ်ရိုက်ကူးနိုင်မည်ဖြစ်သည်။ ထိုဇာတ်ကားတွင် ရန်အောင်၊ ဒွေး၊ နန္ဒာလှိုင်၊ မေသန်းနုတို့သရုပ်ဆောင်ထားကြသည်။

ဆက်လက်၍ ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)ရိုက်ကူးပြီး ရန်အောင်၊ ကျော်ရဲအောင်၊ ဒွေး၊ ရဲအောင်၊ နန္ဒာလှိုင်၊ မေသဥ္ဇာဦးတို့ပါဝင် သရုပ်ဆောင်ကြသည့် **'စိတ်မချနိုင်ဘူး'**မေတ္တာဘွဲ့ဇာတ်ကားမှာ အပြီးသတ်ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် စိမ်းဝါနီရုပ်ရှင်မှ စာရေးဆရာမ မစန္ဒာ၏ဆဋ္ဌဂံ ဝတ္ထုကို ဒါရိုက်တာကြည်စိုးထွန်းက သန်လျင်ဘက်တွင် ရိုက်ကူးလျက်ရှိရာ မကြာမီရိုက်ကူးပြီးစီးမည်ဖြစ်သည်။ အမျိုးသမီးခြောက်ဦး၏ဘဝခံစားမှုပုံရိပ်များကို ပုံဖော်တင်ပြမည့် ဇာတ်ကားဖြစ်သည်။ **(မြန်မာ့အလင်း)**

ကောင်းကင်ဥဒါန်း

ကောင်းကင်ဥဒါန်းဇာတ်ကားမှ လူမင်းနှင့် နန္ဒာလှိုင်တို့၏ သရုပ်ဆောင်ဟန်။

ကမ္ဘာတစ်လွှား အားကစား

အာဆင်နယ်သရေကျပြီး မန်ယူနိုင်ပွဲဆက် ချယ်လ်ဆီးကိုမီရန် အာဆင်နယ် မလွယ်ကူတော့

လန်ဒန် ဖေဖော်ဝါရီ ၂၇

အင်္ဂလိပ်ပရီမီးယားလိဂ် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အာဆင်နယ်အသင်းနှင့် ဆောက်သမ်ပတန်တို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်သွားသဖြင့် ပရီမီးယားလိဂ်ဇယား ဒုတိယနေရာတွင်ရှိနေသော မန်ချက်စတာယူနိုက်တက်ကို အာဆင်နယ်တို့ မဖယ်ရှားနိုင်ဘဲ ဖြစ်ခဲ့ရသည်။

အာဆင်နယ်အသင်းသည် ပွဲချိန်ပထမပိုင်းမိနစ်များတွင် ဖိဖိစီးစီးကစားနိုင်ပြီး ပွဲချိန်၄၅မိနစ်တွင် ယွန်းဘတ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဆောက်သမ်ပတန်၏ တိုက်စစ်မှူးပီတာခရော့စ်က ပွဲချိန် ၆၇မိနစ်တွင် ချေပဂိုးပြန်သွင်းယူခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီသရေဖြစ်ခဲ့ရခြင်းဖြစ်သည်။

တတိယနေရာ

ဆောက်သမ်ပတန်မန်နေဂျာ ရက်နက်ပ်က အာဆင်နယ်နှင့်သရေပွဲဖြစ်ခဲ့ခြင်းကို အောင်ပွဲတစ်ခုအဖြစ် သတ်မှတ်ရမည်ဖြစ်ပြီး ကျေနပ်ကြောင်း ပြောကြားခဲ့သည်။ ဆောက်သမ်ပတန်သည် ယခုပွဲသရေကျခြင်းသည် အိမ်ကွင်း ၁၁ပွဲတွင် ကိုးပွဲမြောက် သရေပွဲပင်ဖြစ်သည်။ အာဆင်နယ်အသင်းသည် ယခုပွဲတွင် ရှေ့တန်း၌ အားထားရသော ရောဘတ်ပီရက်စ် ဒဏ်ရာရရှိခဲ့သည်။ ယခုပွဲ အာဆင်နယ်သရေကျခဲ့သဖြင့် ၅၈မှတ်ဖြင့် မန်ချက်စတာယူနိုက်တက်နောက်၌ တတိယနေရာတွင် ရှိနေဆဲဖြစ်ကာ ထိပ်ဆုံးမှ ချယ်လ်ဆီးအား လိုက်မီရန် ပို၍လွယ်ကူတော့မည် မဟုတ်ပေ။

မန်ချက်စတာယူနိုက်တက်နှင့် ပို့စ်မောက်တို့ပွဲတွင် မန်ချက်စတာယူနိုက်တက်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။မန်ချက်စတာယူနိုက်တက်အတွက် နှစ်ဂိုးစလုံးကို မန်ယူတိုက်စစ်မှူး ရွန်းနီက သွင်းယူပေးသည်။

အက်စတွန်ဗီလာနှင့် အဲဗာတန်တို့ပွဲတွင် ဧည့်သည်အဲဗာတန်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အဲဗာတန်အတွက် ဂိုးများကို လီယွန်အိုစမန်က နှစ်ဂိုးသွင်းယူပေးပြီး တင်ကာဟီလ်က တစ်ဂိုးသွင်းယူပေးခဲ့သည်။

အနိုင်ရရှိ

ခရစ္စတယ်ပဲလေ့စ်နှင့်ဘာမင်ဂမ်စီးတီးတို့ပွဲတွင် ခရစ္စတယ်ပဲလေ့စ်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ **အမ်အင်အေ၊ ရိုက်တာ**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အဖ ဦးယုစွမ်၊ အမိ ဒေါ်ကျင်မြိုင်တို့အားအမှူးထား၍ ဒေါ်ခင်ယုမေ(ထပ်ဆင့်အကယ်ဒမီ)၊ သားအောင်ကျော်မိုးနှင့် မြေးတစ်စုတို့က ငွေကျပ်တစ်သိန်းကို စာရင်းစစ် ဦးစန်မင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗုဒ္ဓဒေသနာသင်တန်းပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ဗုဒ္ဓဒေသနာပညာပြန့်ပွားရေးဌာန တွဲဖက်ဌာနမှူး ဗုဒ္ဓဒေသနာနှင့်ဝိပဿနာပြန့်ပွားရေးအဖွဲ့၏ ပဓာနနာယက ဆရာကြီးဦးဌေးအောင်၏ စနစ်သစ်လေ့လာနည်းဖြင့် သင်ကြားသော ဗုဒ္ဓဒေသနာသင်တန်းကို မတ် ၁၂ရက်မှ မေ ၁၅ရက်အထိ (စနေ၊ တနင်္ဂနွေနေ့တိုင်း) ညနေ ၃နာရီမှ ၅နာရီအထိ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်းရှိ ရှင်သာမဏေမွေ့ဗိမာန်တွင် ပို့ချမည်ဖြစ်ပြီး ဗုဒ္ဓနည်းနာမ်ရုပ်လေ့ကျင့်ရေးအလုပ်စခန်းကို မေ ၂၁ရက်မှ မေ၂၉ရက်အထိ ကိုးရက်တိုင်တိုင် နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ရာ မည်သူမဆို ကြွရောက်နာယူနိုင်ကြောင်းသိရသည်။ **(က-ပ)**

အောင်ဘာလေသိန်းဆု မတ် ၁ ရက်၌ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

(၁၉၄)ကြိမ်မြောက် ငွေကျပ် ၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ မတ် ၁ရက် နံနက် ၉နာရီမှစတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါထီဖွင့်ပွဲတွင် ငွေကျပ်သိန်း(၃၀၀)တစ်ဆု၊ ငွေကျပ်သိန်း (၅၀) ၂၉ဆု၊ ငွေကျပ်(၂၅)သိန်း ၁၂ဆု၊ ငွေကျပ်ခြောက်သိန်း ၆၆၅ဆု၊ ငွေကျပ်ငါးသိန်း နှစ်ဆု၊ ငွေကျပ်လေးသိန်းလေးဆု၊ ငွေကျပ်နှစ်သိန်း ၁၅ဆု၊ ငွေကျပ်တစ်သိန်း ၁၇၁ဆု၊ ငွေကျပ်ရှစ်သောင်း ၂၄ဆု၊ ငွေကျပ်ငါးသောင်းဆု ၁၇၁၀၊ ငွေကျပ်လေးသောင်း ၄၆ဆု၊ ငွေကျပ်နှစ်သောင်း ၃၃၃ဆု၊ ငွေကျပ်တစ်သောင်းဆု ၁၇၁၀၀ စုစုပေါင်း ၂၀၁၁၂ဆုဖြစ်သည်။

ယခု(၁၉၄)ကြိမ်မြောက် ငွေကျပ်(၅၀)တန် ထီပေါက်သည့်ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို မတ် ၇ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေငါးသိန်းနှင့်အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သက်ဆိုင်ရာက ကြေညာထားသည်။ **(သတင်းစဉ်)**

တိုက်-ဘီ၊ အခန်း ၄၀၂ ပညာဝတီရိပ်မွန် ရန်ကင်းမြို့နယ်နေ သုဓမ္မမဏိဇောတရ ဦးရဲထွန်းနိုင်-ဒေါ်မင်းငယ်၊သား မောင်အောင်ကျော်ပိုင်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ကျပ်တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးသန်းရွှေက လက်ခံစဉ်။ (က-ပ)

မြို့ရွာတစ်ခွင်
သာစေချင်
မီးတွင် မပေါ့နှင့်

အမည်ပြောင်း

သံဖြူဇရပ်မြို့၊ အမှတ်(၁)သီရိမာလာလမ်း၊ ကျောင်းပိုင်းရပ်ကွက်နေ အဖဦးစိုးမြင့် ၁၀/သဖရ(နိုင်)၀၀၂၅၂၂၏သား သံဖြူဇရပ်မြို့ အထက(၁)န၀မတန်း(F)မှ မောင်ချမ်းမြေ့စိုး ၁၀/သဖရ(နိုင်)၁၂၇၅၄၈ ကို မောင်ချမ်းမြေ့ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ချမ်းမြေ့။**

TAPE / VCD
ဦးတိုက္ကူ
အနာထပိဏ်သူဌေး ဟုသိတာနတ်ပြည်ဝင်စခန်း

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၃၄ နေ
ဦးကျော်ခင်မြင့်-ဒေါ်ခင်ခင်စိန် (Seinyadana Gems & Jewellery)
တို့၏သားလတ်

မောင်နိုင်စိုးသိမ်း

B.Sc (Computer Science)
Frederick Taylor University

နှင့်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ခြံအမှတ် ၄၅၇(ဂ)၊ မြနန္ဒာလမ်းနေ
ဦးသိန်းဝင်း(ဒုတိယခရိုင်တရားသူကြီး၊ ငြိမ်း)-ဒေါ်ခင်သန်းမြင့်(တရားရုံးချုပ်ရှေ့နေ)
တို့၏သမီးကြီး

မမေသဇင်ဝင်း

ACCA Part II
Financial Training Company

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီခွင့်ပြုချက်အရ ၁၈-၂-၂၀၀၅ ရက်တွင် UKနိုင်ငံ Westminster Register Office ၌ လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပြီး ၂၇-၂-၂၀၀၅ရက်တွင် အင်္ဂလန်နိုင်ငံ မြန်မာဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတွင် သံဃာတော် အရှင်သူမြတ်တို့အား မင်္ဂလာဦးဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဧည့်ခံကျွေးမွေးပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နိုင်စိုးသိမ်း-မမေသဇင်ဝင်း။

တောင်ဥက္ကလာပမြို့နယ် အခြေခံပညာ ကျောင်းပေါင်းစုံ ဘက်စုံဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက်က အထက(၁)သီရိရတနာခန်းမတွင်ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်စိန်စိန်က မရွှေစင် အဋ္ဌမတန်း အလက(၁)အား အထက်တန်းဆင့် စာစီစာကုံးဆုနှင့် အဋ္ဌမတန်း မြို့နယ်အဆင့် ဒုတိယဆုချီးမြှင့်စဉ်။ (က-ပ)

(10,24 Mar)
(10,24 Mar)
(4,11,24 Mar)

ဝမ်းစာထုတ်ယူပါ။

01-561810, 01-560429

လုံနဂါး
682928

VCD KARAOKE

ဘိန်းစိမ်းနှင့်ဘိန်းမျိုးစေ့များဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မန္တလေး မူးယစ်အထူးအဖွဲ့နှင့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂ရက်တွင် သတင်းအရ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၄နှင့်၂၉လမ်းထောင့်ရှိ မြသီရိတည်းခိုခန်း အမှတ်(၁၃)ကို ဝင်ရောက်စစ်ဆေး ရှာဖွေရာ မောင်ဦးနှင့်အတူ ကျောပိုးအိတ်အတွင်းမှ ဘိန်းစိမ်း ၆ကီလိုနှင့် ဘိန်းမျိုးစေ့ ၀ ဒသမ ၀၆၅ကီလို ဖမ်းဆီးရမိသည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့နယ် သရက်ကန်ရွာနေ ဦးထွန်းရင်၏သား အသက်(၃၇)နှစ်ရှိ မောင်ဦးအား မန္တလေး အမှတ်(၆)ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေး တိုင်ချက်အမှတ် (၃/၂၀၀၅)၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊၁၉(က)အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

English (U.M.N)
Great Wall Foreign Language Center

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာ သင်ခန်းစာများကို ဆက်လက် ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

ဇီဝဗေဒဘာသာ သင်ကောင်းစရာ

ဒသမတန်း Biology ဖတ်စာအုပ်မှာ Chapter 12ခု ပါတယ်။ Chapter 1 to 5 ဟာ Basic Portion ဖြစ်တယ်။ Chapter 1 to 4 ဟာ အပင်များအကြောင်းဖြစ်ပြီး Chapter 5 ကတော့ A typical mammal ဖြစ်တဲ့ ယုန်ကို ပြထားတယ်။

ဇီဝဗေဒဘာသာရပ်ဆိုတာ သက်ရှိများအကြောင်းကို လေ့လာတဲ့ ဘာသာရပ်ဖြစ်တယ်။ အပင်များဟာလဲ သက်ရှိဖြစ်သလို သတ္တဝါများဟာလဲ သက်ရှိဖြစ်တယ်။ Chapter 1 to 5 ကို ပိုင်ပိုင်နိုင်နိုင် ကျက်မှတ်သွားမယ်ဆိုရင် နောက်ပိုင်းမှာလာတဲ့ Life processes လို့ခေါ်တဲ့ သက်ရှိများရဲ့ လုပ်ရပ်များအကြောင်းကို Chapter 6 to 12 မှာ ဖော်ပြထားတာ တွေ့ကြရမယ်။ သက်ရှိများဟာ အစာအာဟာရ မှီဝဲကြရတယ်။ ဒီလို အစာအာဟာရ မှီဝဲဖို့ ပြုလုပ်တဲ့လုပ်ငန်းကို Nutrition လို့ ခေါ်တယ်။ တစ်ခါသက်ရှိမှန်ရင် အသက်ရှူခြင်းကို ပြုလုပ်ကြရတယ်။ အဲဒီလုပ်ငန်းအကြောင်းကို Chapter 7 Respiration အပိုင်းမှာ တွေ့ရမယ်။ ဒါတွေဟာ သက်ရှိများရဲ့ လုပ်ငန်းတွေပဲ။

သက်ရှိရယ်လို့ တည်ဆောက်ဖြစ်ပေါ်လာရင် ရေဟာမရှိလို့ မဖြစ်ဘူး။ အခုဆရာမတို့ဟာ ကုန်းပေါ်မှာ နေတဲ့ သတ္တဝါတွေဖြစ်ကြပေမယ့် ဆရာမတို့ကိုယ်တွင်းမှာ ရေပါဝင်နေတာကို သိကြပြီး ဖြစ်ကြပါလိမ့်မယ်။ ဒီအကြောင်းအရာကို သင်သွားမယ်ဆိုရင် Chapter 8 Water relation လို့ ခေါ်တယ်။ Chapter 9 Co-ordination အပိုင်းမှာ သတ္တဝါများဟာ ညှိနှိုင်းပြီး လုပ်ငန်းများကို ဘယ်လိုဆောင်ရွက်သွားကြတယ်ဆိုတာရယ်၊ ပြီးတော့ ဘယ်လို နေထိုင်သွားကြတယ်ဆိုတာတွေကို ပြောထားတယ်။ Chapter 10 ရောက်တော့ Reproduction မျိုးပွားခြင်းအကြောင်းမှာ သက်ရှိများဖြစ်တဲ့ အပင်များ မျိုးပွားနိုင်သလို သတ္တဝါများဟာလဲ ဘယ်လိုမျိုးပွားကြတယ်ဆိုတာ ဖော်ပြထားတယ်။ မျိုးပွားတဲ့အပိုင်းမှာ Asexual Reproduction လိင်မဲ့နည်းနဲ့ Sexual Reproduction လိင်ဖြင့် မျိုးပွားနည်း အကြောင်းအရာများကို သင်သွားတယ်။ ဒါတွေဟာလဲ သက်ရှိများရဲ့ လုပ်ငန်းတွေဖြစ်တယ်။ Chapter 11 မှာ ကျတော့ Inheritance အကြောင်းဖြစ်တယ်။ မျိုးဆက်ခံခြင်း အပိုင်းဖြစ်တယ်။ မိဘနှစ်ပါးမှ မွေးဖွားလာတဲ့ သားသမီးများဟာ တစ်နည်းမဟုတ်တစ်နည်း မိဘတွေနဲ့ ဆက်နွယ်တဲ့ လက္ခဏာများ ရှိတတ်ကြတယ်။ မောင်နှမတွေဆိုလဲ ချက်ချင်းသိနိုင်တယ်။ ဒါပေမယ့် Individual differences တော့ရှိတယ်။ တစ်ဦးစီတော့ Identical twins မဟုတ်ရင် ထပ်တူထပ်မျှ မတူနိုင်ဘူး။ တချို့ အမွှာပူးတွေတောင်မှ identical မဟုတ်ရင် တစ်ယောက်နဲ့တစ်ယောက် သိပ်မတူကြဘူး။ ဒီလိုမျိုး Inheritance အရ ဘာကြောင့်ဖြစ်တယ်ဆိုတာ ရှင်းသွားတာ Chapter 11 မှာ ဖြစ်တယ်။

Chapter 12 မှာ Environmental Biology အကြောင်း ပြောထားတယ်။ ဘာကြောင့် Environmental Biology လို့ ပြောရသလဲဆိုရင် သက်ရှိများဟာ ပတ်ဝန်းကျင်နဲ့ ကင်းကွာပြီး နေလို့မရကြဘူး။ သက်ရှိများဟာ ပတ်ဝန်းကျင်နဲ့မျှတအောင် adapt လုပ်ပြီးနေရတယ်။ ပတ်ဝန်းကျင် ညစ်ညမ်းမှု ဘာကြောင့်ဖြစ်နိုင်တယ်။ မိမိရဲ့ပတ်ဝန်းကျင်မှာ ဆီလျော်အောင်မနေနိုင်ရင် ရပ်တည်ဖို့မလွယ်ကူဘူး။ ဒီလိုမဖြစ်ရလေအောင် မိမိနေထိုင်တဲ့ ပတ်ဝန်းကျင်မှာ ဆီလျော်အောင် နေတတ်ရမယ်ဆိုတာကို အဓိက ပြောသွားတယ်။ အဲဒီ Chapter မှာပဲ Cycle တွေ ပါတယ်။ ကိုယ်ခန္ဓာ တည်ဆောက်တဲ့အခါ Molecules များနဲ့ တည်ဆောက်ထားတယ်။ ဒီမော်လီကျူးများမှာ Carbon, Oxygen, Nitrogen တို့ပါဝင်တယ်။ ဒါကြောင့် Molecules တွေဟာ ကိုယ်တွင်းမှာရှိသလို ပတ်ဝန်းကျင်မှာလဲ Cycle အဖြစ် လှည့်လည်နေတယ်။ နောက်ပြီးတော့ ပညာပေးအနေနဲ့ The use and abuse of drugs ကို ပြောထားသေးတယ်။ Drugs တွေဟာ ကောင်းကောင်းမွန်မွန် အသုံးပြုရင် ဆေးဖြစ်တယ်။ အကယ်၍ မှားယွင်းစွာ အသုံးပြုခဲ့ရင်တော့ Abuse လုပ်လိုက်တာ ဆေးမဖြစ်ဘဲ ဘေးဖြစ်သွားတယ်။ ဆရာမအနေနဲ့ ဘယ်လို ကျက်မှတ်ရမလဲ ဆိုတာကို ဥပမာတွေပေးပြီး ရှင်းပြသွားမယ်။

Chapter 1 The plant body မှာဆိုရင် နိဒါန်းပျိုးတဲ့ စာပိုဒ်မှာ ပန်းပွင့်သော အပင်များကို Angiosperms လို့ ဖော်ပြထားတယ်။ ပန်းပွင့်သောအပင်များရဲ့ အစေ့များဟာ အသီးအတွင်းမှာရှိတယ်။ ဒါကြောင့်မို့လို့ 'The seeds of angiosperms are always enclosed in a definite organ that forms a fruit' လို့ ဖတ်စာအုပ်မှာ ဖော်ပြထားတယ်။ ပန်းပွင့်တဲ့ အပင်မျိုးဆိုရင် Flowering plant လို့ ခေါ်တယ်။ ပန်းမပွင့်ဘူးဆိုရင်တော့ non-flowering plant လို့ ခေါ်တယ်။ ဒီနိဒါန်းပျိုးတဲ့စာပိုဒ်ကို သာမန်ကာလျှံကာ လျစ်လျူရှုပြီး မထားသင့်ဘူး။ ဒီစာပိုဒ်ထဲမှာပါတဲ့ Statements များကို ကောက်နုတ်ပြီး objectives များအနေနဲ့ မေးနိုင်တယ်။ တစ်ပိုဒ်လုံးကို မေးလာမယ်ဆိုရင်တော့ မေးခွန်းတိုအနေနဲ့ ကောက်နုတ် မေးနိုင်တယ်။

- Angiosperms are non-flowering plants တစ်ဖန်
- Angiosperms are flowering plants လို့ Statements(၂)ခု မေးလာခဲ့ရင် ပထမဖော်ပြတဲ့ sentence ဟာ FALSE Statement ဖြစ်ပြီး ဒုတိယဖော်ပြတဲ့ Statement ဟာ TRUE Statement ဖြစ်တယ်ဆိုတာ နိဒါန်းပျိုးစာပိုဒ်ကို နားလည်ထားမှသာ သိရှိနိုင်မယ်။

အခု The Parts of the plant body ကို ဘယ်လိုကျက်မှတ်ရမယ်ဆိုတာ ဖော်ပြသွားမယ်။ ကျောင်းသား ကျောင်းသူများဟာ မိမိဘာသာစာကျက်တဲ့အခါ ချဉ်ပေါင်ပင်ကိုကိုင်ပြီး ကျက်မှတ်ပါ။ ဒီလို ကျက်မှတ်တဲ့အခါ ချဉ်ပေါင်ပင်ရဲ့ ပင်စည်အောက်နားက ကိုင်ပြီးကျက်ပါ။ ပင်စည်အောက်ဘက်ဟာ မြေကြီးထဲမှာရှိတဲ့ အပိုင်းဖြစ်ပြီး အပေါ်ပိုင်းဟာ လေထဲမှာရှိတဲ့ အပိုင်းဆိုပြီး (၂)ပိုင်းခွဲနိုင်တယ်။ အောက်ဘက်မှာ အမြစ် roots တွေ တွေ့ရပြီး၊ အပေါ်ပိုင်းမှာ stem, leaves, Flowers နဲ့ Fruits တွေရှိတယ်။ အောက်ဘက်ကို Underground Root System လို့ခေါ်တယ်။ အပေါ်ပိုင်းကိုတော့ Aerial Shoot System လို့ ခေါ်တယ်။ Aerial Shoot System မှာ မြေကြီးအပေါ်ပိုင်းမှာရှိတဲ့ ပင်စည် stem, branches အကိုင်းများ၊ leaves အရွက်များ၊ flowers ပန်းပွင့်များနဲ့ fruits အသီးများပါတယ်။ မေးခွန်းအနေနဲ့ ကြည့်ကြစို့။ What constitute the aerial shoot system? လို့မေးရင် မြေအောက်အပိုင်းကို ဖြေစရာမလိုဘူး။ မြေကြီးအပေါ်ပိုင်းမှာ ရှိနေတဲ့အပိုင်းကိုပဲ ဖြေရမယ်။ Underground Root System ကို ကြည့်ရင် အမြစ်အကြီးကြီး စတင်ထွက်တဲ့ဟာဆိုရင် primary root ဖြစ်တယ်။ အဲဒီ primary root ဟာ ဆက်လက်ဖွံ့ဖြိုးလာတဲ့အခါ main root လို့ ခေါ်တယ်။ ဒီ main root က တစ်ဖန်ဆက်လက်ဖွံ့ဖြိုးလာတော့ tap root လို့ ခေါ်တယ်။ Main root က နေ နံဘေးကို ဖြာထွက်လာတဲ့ အမျှင်လေးတွေကို lateral root လို့ခေါ်တယ်။ Lateral root ပေါ်မှာ အမွေးသေးသေးလေးတွေ ထပ်ထွက်မယ်။ အဲဒါတွေကိုတော့ root hairs လို့ခေါ်တယ်။ Root hairs တွေ ရှိခြင်းအားဖြင့် အပင်ရဲ့ ရေစုပ်နှုန်း Absorption rate ကို ပိုပြီးတိုးမြှင့်ပေးတယ်။ အရောင်အားဖြင့် Underground Root System ဟာ ဖြူနေတယ်။ ဒါကြောင့် အမြစ်များကို usually non-green in color လို့ ဆိုထားတယ်။ usually လို့ ဘာလို့သုံးရသလဲဆိုရင် အချို့ root တွေဟာ အစိမ်းရောင်ရှိတယ်။ မြေကြီးထဲမှာရှိတဲ့ အမြစ်အရောင်ဟာ non-green ဖြစ်လို့ အစာမချက်နိုင်ဘူး။ အပေါ်ပိုင်းမှာရှိတဲ့ အရွက်တွေဟာ green leaves ဖြစ်လို့ Chlorophyll ပါတယ်။ Chlorophyll ပါရင် အစာချက်နိုင်တယ်။ Photosynthesis လို့ ခေါ်တယ်။ ဒီအပင်ပိုင်းကို ကျက်ရင်းနဲ့ Green plants များဟာ Nutrition လုပ်နိုင်တယ်ဆိုတာ သိနိုင်တယ်။ ဒါ့အပြင် According to mode of nutrition ခေါင်းစဉ်အောက်မှာ ခွဲခြားထားတဲ့ အပင်အမျိုးအစားများထဲမှာ Autotroph ဆိုတာ ပါတယ်။ ဒါ့ကြောင့် Green plants are autotrophs လို့ ပေးထားရင် TRUE ပေါ့။ autotrophs ဆိုတာ မိမိဘာသာ အစာချက်နိုင်တာ။ ဒီလိုဆက်စပ်ပြီး ကျက်သွားရင် Chapter 6 Nutrition မှာ အထောက်အကူပြုမယ်။ တစ်ဖန် Parts of the plant body မှာ အပင်ရဲ့ပင်စည် stem မှာအဆစ် Node တွေရှိတယ်။ အဆစ်နှစ်ခုကြားမှာရှိတဲ့ အပိုင်းကို internode လို့ခေါ်တယ်။ Leaf ဟာ node ကနေထွက်တယ်။ တစ်ခါ axillary bud ဟာ stem နဲ့ leaf ကြားအပေါ်ထောင့်မှာရှိတဲ့ axil ထဲမှာရှိတယ်။ ဒီ axil မှာ ရှိတာကြောင့် axillary bud လို့ ခေါ်တယ်။ axillary bud ကနေ lateral branch ဖြစ်လာမယ်။ အပင်ရဲ့ထိပ်မှာ terminal bud ရှိတယ်။ ဒီ terminal bud ဟာ အပင်ရဲ့ ကြီးထွားတဲ့နေရာ ဖြစ်တယ်။ ဒါ့ကြောင့် ဒီ terminal bud ရှိတဲ့နေရာကို growing point of the plant လို့ ခေါ်ဆိုကြတယ်။ ဒီလို ကျက်မှတ်သွားမယ်ဆိုရင် Parts of the plant body အပြင် Nutrition အပိုင်းကိုလဲ သဘောပေါက် နားလည်သွားမယ်။

စာကျက်ရင် စာအုပ်ထဲကစာကိုမကြည့်ဘဲ ဥပမာအပင်များကို ကိုင်တွယ်ပြီး အသေးစိတ် တစ်ခုချင်း ကြည့်ပြီး ကျက်မှတ်သွားရင် ပိုပြီးမှတ်မိမယ်။ terminology တွေကိုတော့ နားလည်အောင်လုပ်ပြီး ကျက်မှတ်ထားရမယ်။ ချဉ်ပေါင်ပင်ရဲ့ root system ကို ပြန်ကြည့်ရင် tap root system ဖြစ်တယ်။ အမြစ်ဟာ radicle က စပြီးထွက်တယ်။ tap root system နဲ့ tap root ဖြစ်ဖို့က အရင်ဆုံး radicle က စထွက်ရမယ်။ Tap root is developed from radicle ဆိုရင် TRUE ပေါ့။ The main root of the plant developed from the radicle ဆိုရင်လဲ မှန်တယ်။ Main root ကနေ lateral branches တွေ ထွက်တယ်။ ပထမထွက်ရင် Primary၊ ဒုတိယထွက်ရင် Secondary လို့ ခေါ်တယ်။ Secondary root ဟာ ဘေးဘက်ကိုလဲ ထွက်နေတာကြောင့် Lateral root လို့လဲ ခေါ်လို့ရတယ်။ Adventitious root ဆိုရင် radicle က လုံးဝမထွက်ဘူး။ ဒါကို မှတ်ထားရမယ်။ ဒါကြောင့် Adventitious root နဲ့ ပတ်သက်ပြီးပြောရင် Any part of the plant body other than the radicle လို့ ဖော်ပြထားတယ်။ ဥပမာ ကြံပင်ရဲ့အဆစ် node လေးတွေမှာ အမွေးလေးတွေ ထွက်နေတာကို မြင်ကြရမယ်။ အဲဒီအမြစ်ကို Adventitious root လို့ ခေါ်တယ်။ ဒါကို Modified leaves မှာလဲ ဖော်ပြထားတယ်။ Food storage leaves ဖြစ်တဲ့ ကြက်သွန်ဉရဲ့ condensed stem လို့ ခေါ်တဲ့ ကျစ်လျစ်သိပ်သည်းနေတဲ့ ပင်စည်ကထွက်လာတဲ့ အမြစ်များဟာ Adventitious roots တွေ ဖြစ်တယ်။ ကြက်သွန်ဉမှာကြည့်ရင် Adventitious root တစ်ခုတည်း မဟုတ်ဘူး။ Modified leaves များ ပါတာကို တွေ့ရမယ်။ အပြင်ပိုင်းအခွံဟာ ခြောက်သွေ့နေတာကို တွေ့ရလိမ့်မယ်။ အဲဒါကို dry scale leaves လို့ ခေါ်တယ်။ အတွင်းပိုင်းမှာ ဟင်းချက်တဲ့အခါ မပါမပြီးဖြစ်တဲ့ အရွက်စိုတွေကို တွေ့နိုင်တယ်။ အဲဒီအရွက်စိုတွေဟာ juicy and thick ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုရင် အစာတွေ သိုလှောင်ထားလို့ ဖြစ်တယ်။ Modification ပိုင်းမှာ Modified Adventitious roots အပြင် Modified stem နဲ့ Modified leaves များကိုလဲ ဖော်ပြထားတာ တွေ့ကြရလိမ့်မယ်။ Modified stem အနေနဲ့ ကြည့်မယ်ဆိုရင် အာလူးတို့ ချင်းတို့ အကြောင်းများလဲ ပါတယ်။ အဲဒီအပိုင်းကို ကျက်မှတ်မယ်ဆိုရင် အာလူးကို ကိုင်ပြီး ဒါဟာ swollen tip of the underground branch လို့ မှတ်ယူလိုက်ပါ။ ပြီးတော့ အာလူးမှာရှိတဲ့ အစက်လေးတွေဟာ eyes ဖြစ်တယ်။ တစ်ခါ ချင်းကိုယူပြီး ကြည့်တဲ့အခါ node တို့ scale leaves တွေကို တွေ့ရမယ်။ အဲဒီလို ဆရာမညွှန်ကြားတဲ့အတိုင်း ကျက်မယ်ဆိုရင် Chapter ၁၂ ခုလုံးကို ဆက်စပ်တွေးခေါ် ကျက်သွားနိုင်ကြလိမ့်မယ်။ Chapter 12 Environmental Biology မှာလဲ ဒါတွေကို ပြန်ပြောသွားတာပဲ။ Green plants များဟာ Autotrophs ဖြစ်သလို producers လဲ ဖြစ်တယ်။ သူဟာ သူ့အစာကို ချက်နိုင်တယ် သတ္တဝါတွေဟာ အစာမချက်နိုင်ဘူး။ ယုန်လို အပင်စားတဲ့ သတ္တဝါကို herbivores လို့ ခေါ်တယ်။ herbivores တွေဟာ green plants များ ချက်ထားတဲ့အစာကို direct ရယူတယ်။ Green plant မှ ချက်ထားတဲ့ အစာကို direct ရယူတဲ့ herbivores များကို primary consumers များလို့ ခေါ်တယ်။ ယုန်ကိုထပ်စားတဲ့ သတ္တဝါတွေကိုတော့ secondary consumers များလို့ ခေါ်တယ်။ ယုန်ကိုစားထားတဲ့ သတ္တဝါကို အခြားသတ္တဝါတစ်ကောင်က ထပ်စားပြန်ရင် အဲဒီသတ္တဝါကို tertiary consumers လို့ ခေါ်တယ်။ Consumers ဆိုတာ စားသုံးသူလို့ ဆိုလိုတယ်။ အပင်လေးတွေဟာ သက်ရှိဖြစ်ပေမယ့် သတ္တဝါများရဲ့ စားသုံးခြင်းကို ခံရတယ်။ သတ္တဝါတွေထဲမှာလဲ အပင်များကိုသာစားတဲ့ သတ္တဝါကို Herbivores လို့ခေါ်ပြီး အပင်ရော၊ သတ္တဝါရောစားတဲ့ သတ္တဝါမျိုးဆိုရင် Omnivores

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ (၁၅) မှ အဆက်

လို့ခေါ်တယ်။ အပင်မစားဘဲ အခြားသတ္တဝါများကိုသာ စားရင်တော့ Carnivores လို့ ခေါ်တယ်။ အဲဒီလို တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီး ကျက်မှတ်သွားရင် Biology ဘာသာရပ်ဟာ ခက်ခဲမှုမရှိတဲ့အပြင် စိတ်ဝင်စားစရာကောင်းတဲ့ ဘာသာရပ်တစ်ခုအနေနဲ့ တွေ့မြင်လာကြပါလိမ့်မယ်။ ဒီလိုသဘောပေါက် နားလည်ဖို့လဲ Biology ဖတ်စာအုပ်ပါ အကြောင်းအရာများကို အဓိပ္ပာယ်ရှိရှိ ဆက်စပ်မှုနဲ့ ကျက်မှတ်သွားစေချင်ပါတယ်။

အခု ဇီဝဗေဒဘာသာရပ်မှ Chapter 5 “Atypical mammal” ယုန်အကြောင်းပြောရအောင်။ မျက်စိထဲမှာ ယုန်တစ်ကောင်ကို မြင်လိုက်ပါ။ ယုန်ဟာ နို့တိုက်သတ္တဝါ mammal ထဲမှာ ပါဝင်တယ်။ mammal နဲ့ ပတ်သက်ပြီး Characteristics ၁၀ ခုရှိတယ်။ ဒီ Characteristics များကို အရေးမကြီးဘူးဆိုပြီး လျစ်လျူရှုထားလို့ မရဘူး။ ဘာဖြစ်လို့လဲဆိုရင် ဒီ Characteristics တွေဟာ ယုန်ရဲ့ System တွေနဲ့ ဆက်စပ်နေတဲ့အပြင် နောက်ပိုင်း Chapters တွေနဲ့ပါ ဆက်စပ်နေတာကို တွေ့ရမယ်။ ဘယ်လိုဆက်စပ်မှုရှိတယ်ဆိုတာကို Characteristics တစ်ချက်ချင်းကို ရှင်းပြရင်းနဲ့ ပြောသွားမယ်။ ဒီ Characteristics တွေရဲ့အပေါ်မှာ Introductory Paragraph ရှိတယ်။ နိဒါန်းပျိုးတဲ့ Paragraph ပေါ့။ အဲဒီမှာ နို့တိုက်သတ္တဝါများကို အုပ်စု(၃)ခုခွဲထားတာ တွေ့ရမယ်။

(1) egg-Laying forms

(2) marsupials which have pouches နဲ့

(3) placental mammals ချက်ကြိုးပါတဲ့ နို့တိုက်သတ္တဝါတို့ ဖြစ်တယ်။

နံပါတ်တစ် အမျိုးအစားဖြစ်တဲ့ egg-Laying forms ကိုတော့ ကျောင်းသား ကျောင်းသူများအနေနဲ့ အမြင်နည်းလိမ့်မယ်။ ဒုတိယအုပ်စု Marsupials တွေကိုတော့ ရင်းနှီးလိမ့်မယ်။ Marsupial ဆိုတာ သားပိုက်ကောင် Kangaroo ကို ပြောတာ။ တတိယအုပ်စု placental mammal မှာဆိုရင် လူတွေ၊ အိမ်မွေးတိရစ္ဆာန် ကြောင်၊ ခွေးစသည်တို့မှာ တွေ့ရမယ်။ ကျောင်းသား ကျောင်းသူများအနေနဲ့ အမြင်အများဆုံးနဲ့ အရင်းနှီးဆုံးအုပ်စုကတော့ placental mammal ပဲ ဖြစ်မယ်။ ဒါကြောင့် majority of the mammals are placental mammals လို့ ဖတ်စာအုပ်မှာ ဖော်ပြထားတာကို တွေ့ရလိမ့်မယ်။ အကယ်၍ Marsupials are majority of the°°mammals လို့ပြောရင် TRUE မဟုတ်ဘဲ FALSE လို့ဖြေမှသာ အမှတ်ရမယ်။ TRUE/FALSE Statement တွေဟာ အကြောင်းအရာကို ကြက်တူရွေးကဲ့သို့ မကျက်ဘဲ နားလည်သဘောပေါက်ထားမှသာ အမှတ်ပြည့်ဖြေဆိုနိုင်လိမ့်မယ်။ အခု °Characteristics တွေကို ဆက်ပြောသွားမယ်။

(1) Body is usually covered with hairs. The skin has many glands (sebaceous, sweat, scent and mammary) လို့ပြောထားတယ်။ ဒီအချက်ဟာ external features of the rabbit နဲ့ ဆက်စပ်လို့ရတယ်။

(2) Skull is with two occipital condyles and the neck vertebrae are usually seven လို့ ပြောထားတယ်။

ဒါကတော့ ယုန်ရဲ့ skeletal system နဲ့ ဆက်စပ်နေတယ်။ ယုန်ရဲ့ vertebral column မှာ regions (၅)ခု ခွဲထားတယ်။ အဲဒီ regions များထဲမှာ Neck region လို့ခေါ်တဲ့ cervical region ကို ဖော်ပြထားတယ်။ cervical region မှာ vertebrae အရေအတွက်ကိုကြည့်ရင် (7)လို့ ပြောထားတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် The neck vertebrae are usually seven ဆိုတဲ့ sentence နဲ့ ဆက်စပ်နေတာကို တွေ့ရမယ်။ ဒါကြောင့် ဒီအချက်ကို နားလည်ထားမယ်ဆိုရင် skeletal system ကို ဆက်စပ်ပြီး ကျက်ထားပြီးသား ဖြစ်သွားလိမ့်မယ်။

(3) Teeth are in sockets on both jaws and are modified in relation to food habits လို့ ဆိုထားတယ်။

ကိုယ်လဲ mammal ဖြစ်နေတော့ ကိုယ့်သွားကို ကိုင်ကြည့်ပြီး ကျက်မှတ်နိုင်တယ်။ လူတွေမှာ ငယ်သွားလို့ခေါ်တဲ့ milk teeth နဲ့ သက်ကြီးသွား permanent teeth တို့ ရှိတယ်။ Milk teeth ကျိုးသွားရင် ပြန်ပေါက်တယ်။ Permanent teeth က ကျိုးရင် ပြန်မပေါက်တော့ဘူး။ ငယ်သွားလဲရင် မေးရိုးပေါ်မှာ ချိုင့်ကျန်ခဲ့တယ်။ အဲဒါကို သိထားရင် teeth are in sockets on both jaws ဆိုတာကို နားလည် သဘောပေါက်ကြမယ်။ ဆက်ပြီးကြည့်ရင် teeth are modified in relation to food habits ဆိုတာက Nutrition ပိုင်းနဲ့ ဆက်စပ်နေတယ်။ Nutrition အခန်းမှာ အပင်စားတဲ့ Herbivores၊ အသားစားတဲ့ Carnivores နဲ့ အစုံစားတဲ့ Omnivores သုံးမျိုးကို တွေ့ရမယ်။ Dental formula အနေနဲ့ကြည့်ရင် Herbivores တွေမှာ canine မရှိလို့ $\frac{0}{0}$ လို့ ပြောထားတယ်။ သူ့နေရာမှာ diastema လေး ရှိတယ်။ diastema ဆိုတာ သွားမရှိတဲ့ မေးရိုးပေါ် ကွက်လပ်ကိုဆိုတယ်။ Carnivores ကျတော့ Carnassial အနေနဲ့ modified ဖြစ်နေတယ်။ Omnivores ကျတော့ သာမန်သွားလိုပဲ Carnassial မပါတော့ဘူး။ သွားတည်ဆောက်ပုံ Dentation ကွဲလွဲမှုကြောင့် အစာစားတဲ့ habits တွေ မတူကြဘူး။ ဒီလို Nutrition အပိုင်းနဲ့ ဆက်စပ်ကြည့်ရင် ပိုပြီးနားလည် သဘောပေါက်ကြမယ်။

(4) °°Generally with four limbs, each having five or fewer digits, digits with claws or nails or hoofs လို့ ပြောထားတယ်။ ဒီအချက်ဟာလဲ ယုန်ရဲ့ External features နဲ့ ဆက်စပ်နေတာကို တွေ့ရမယ်။ External features ပိုင်းမှာ fore legs ဟာ five digits ပါရှိပြီး hind legs ကျတော့ only four digits လို့ ပြောထားတယ်။ ဆက်ပြီးကြည့်မယ်ဆိုရင် all provided with claws လို့လဲ ပြောထားတယ်။ ဒီလိုဆက်စပ်ပြီး ကျက်မှတ်သွားဖို့လိုအပ်တယ်။

N0.(5) Characteristic မှာ နှလုံးအကြောင်းကို ဖော်ပြထားတယ်။ အဲဒီအချက်ကိုတော့ ယုန်ရဲ့သွေးလှည့်အဖွဲ့အစည်းဖြစ်တဲ့ Circulatory system နဲ့ ဆက်စပ်နေတယ်။ နှလုံးမှာ အခန်း(၄)ခန်း four chambers ပါရှိပြီး၊ two atria and two distinct ventricles လို့ ပြောထားတယ်။ သွေးဝင်ခန်း (၂)ခန်းရှိလို့ two atria လို့ဆိုတယ်။ သွေးဝင်ခန်းတစ်ခုဆိုရင်တော့ atrium လို့ ခေါ်တယ်။ atria ကို auricles လို့လဲ ခေါ်ရင်ရတယ်။ ventricle ကျတော့ ဒီလိုမရှိဘူး။ ventricle (singular) ventricles (plural) လို့ပဲ ပြောရမယ်။ နောက်ပြီး mammal မှာ only the left aortic arch persist လို့ ပြောထားပြန်ရော။ အဆင့်အတန်းနိမ့်တဲ့ ကျောရိုးရှိ သတ္တဝါတွေမှာ နှလုံးကထွက်လာတဲ့ arch ဟာ left နဲ့ right (၂)ဖက်စလုံးမှာ ရှိတယ်။ ဆရာမတို့၊ မင်းတို့ကျတော့ left ဘက်မှာပဲ aortic arch ရှိတယ်။ ဒါကယုန်ရဲ့ circulatory system ပုံကို ဆွဲတဲ့အခါ အထောက်အကူဖြစ်တယ်။ ပုံထဲမှာကြည့်ရင် ကျောရိုးရှိ သတ္တဝါတွေဖြစ်လို့ ဝမ်းဘက်က ခွဲပြထားတယ်။ ဒါကြောင့်ပုံမှာ ဘယ်ဘက်မှာရှိတဲ့ဟာတွေကို ဆရာမတို့ရဲ့ ညာဘက်မှာ မြင်ရမယ်။ ဥပမာပေးရရင် မိမိကိုယ်ကို မှန်ထဲမှာကြည့်သလိုပဲပေါ့။

နောက် Characteristic N0.(6) ကတော့ Respiration is only by lungs တဲ့။ အဆုတ်နဲ့သာ အသက်ရှူတာကို ပြောထားတယ်။ mammals တွေဟာ ကုန်းပေါ်မှာရှိသလို ရေထဲမှာနေတဲ့ Aquatic mammal ဆိုတာလဲ ရှိတယ်။ ဥပမာ– ဝေလငါးတွေဟာ mammal အမျိုးအစားတွေပဲ။ သူတို့ respiration လုပ်ရင် lungs နဲ့ပဲ လုပ်ကြတယ်။ သူတို့လေ (Air) လိုလာရင် ရေပေါ်တက်လာပြီး gaseous exchange လုပ်ကြတယ်။ ဝေလငါးတွေ ရေပေါ်မှာ ရေပန်းလေးလို ဖြာထုတ်တာကို မြင်ဖူးကြမှာပါ။ ဒါဟာ သူတို့ respire လုပ်နေခြင်း ဖြစ်တယ်။ ဒီ Characteristic (6) ဟာ Respiration Chapter ဖြစ်တဲ့ အခန်း(၇)နဲ့ ဆက်စပ်နေတာကို တွေ့ရမယ်။ ဆက်ပြီးကြည့်ကြရအောင် A complete muscular diaphragm separates the lungs and the heart from the abdominal cavity လို့ ပြောထားသေးတယ်။ A muscular diaphargm ဆိုတာ ရင်ခေါင်း thoracic cavity နဲ့ ဝမ်းတွင်းခေါင်း Abdominal cavity တို့ကို ပိုင်းခြားထားတဲ့ ကြွက်သား ထူထပ်တဲ့ အမြှေးပါးဖြစ်တယ်။ အဲဒီ အမြှေးပါးက thoracic cavity မှာရှိတဲ့ နှလုံးနဲ့အဆုတ် (၂)ခုကို abdominal cavity မှာရှိတဲ့ အစာအိမ်၊ liver အစရှိတဲ့ ဝမ်းတွင်းကလီစာများ abdominal viscera တွေနဲ့ ပိုင်းခြားထားပေးတာကို တွေ့ကြရမယ်။ ဒါတွေကို နားလည်သဘောပေါက်ထားရင် respiration Chapter မှာပါတဲ့ Gaseous exchange in mammal ဆိုတဲ့ အကြောင်းအရာကို လေ့လာကျက်မှတ်တဲ့အခါ အထောက်အကူပြုတာကို တွေ့ရမယ်။ diaphragm ဟာ when at rest ဆိုရင် ခုံးနေမယ်။ convex ဖြစ်နေတဲ့ သဘောပေါ့။ ဒါပေမယ့် during respiration အချိန်မှာတော့ muscular contraction လုပ်လို့ diaphragm ဟာ flattened ဖြစ်လာတယ်။ အဲဒီလို flattened လုပ်လာတဲ့အခါကျတော့ thorax ပိုင်းဟာ ကျယ်ထွက်လာတယ်။ လေရှူသွင်းတဲ့ အဆုတ်ဟာလဲ ကြီးလာမယ်။ အဲဒီလိုကြီးလာတဲ့ အဆုတ်တွေအတွက် နေရာပေးရဖို့ diaphragm ဟာ flattened ဖြစ်သွားပြီး နံဘေးမှာရှိတဲ့ နံရိုးကြား ကြွက်သားတွေကလဲ contract လုပ်လာကြလို့ နံဘေးကို ကျယ်ထွက်လာတာကြောင့် လေနဲ့ပြည့်နေတဲ့ lungs တွေအတွက် နေရာရသွားတယ်။ လေကို ပြန်ထုတ်လိုက်တာနဲ့ ရင်ပိုင်းရှိ နံရိုးတွေကလည်း relax ဖြစ်သွားပြီး အတွင်းဘက်ကို ပြန်ရောက်လာမယ်။ အဲဒီအခါကျရင် lungs ထဲမှာရှိတဲ့လေကို ပြန်ပြီးတော့ တွန်းထုတ်ပစ်လိုက်တယ်။ ဒီအချိန်အခါမှာ abdominal muscle ကလည်း contraction လုပ်ပေးခြင်းအားဖြင့် လေကိုတွန်းထုတ်ဖို့ အထောက် အကူပြုတယ်။ ဒီလို တစ်ခုနဲ့တစ်ခု ဆက်စပ်နားလည်အောင် ကျက်မှတ်သွားရင် Characteristics တွေရဲ့ အရေးပါပုံကို သိလာကြလိမ့်မယ်။ Characteristic (7) မှာ Brain is highly developed with both cerebrum and cerebellum enlarged. Twelve pairs of cranial nerves are present လို့ ဆိုထားတယ်။ ဒီအချက်ကို နားလည်ထားမယ်ဆိုရင် ယုန်ရဲ့ nervous system မှာ အထောက်အကူပြုမယ်။ ဒီအပြင် နောက်ပိုင်း Chapter ဖြစ်တဲ့ Co-ordination အပိုင်းမှာလည်း nervous system အကြောင်းအရာကို ဖော်ပြထားတဲ့အတွက် ဆက်စပ်ပြီး ကျက်မှတ်နိုင်ကြမယ်။ ဒါကြောင့် Characteristics တွေဟာ ယုန်အကြောင်းတစ်ခုထဲနဲ့သာမက နောက်ပိုင်း Chapters တွေနဲ့လဲ ကွင်းဆက်သဖွယ် တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာကို တွေ့ကြရမယ်။

(8) Body temperature is regulated (Homoiothermal) လို့ပြောထားတယ်။ ဒီအချက်မှာလဲ ခန္ဓာကိုယ်ရဲ့ temperature က ညှိနှိုင်းမှု regulated ဖြစ်နေတာကို ပြောထားတယ်။ ဒီလိုညှိနှိုင်းမှုရှိတာကို Biological term အနေနဲ့ ပြောရင် homoiothermal သွေးနွေးသတ္တဝါလို့ ဆိုထားတယ်။ ဒီ term ဟာ adj အရ သုံးထားတာဖြစ်ပြီး Noun အနေနဲ့ သုံးမယ်ဆိုရင် homoiotherm လို့ပြောရမယ်။ terms တွေကို ကျက်တော့မယ်ဆိုရင် ရေးပြီးကျက်တာဟာ ပိုပြီး ထိရောက်မှုရှိတယ်။ အဲဒီလို ရေးကျက်မှတ်ခြင်းကြောင့် completion statements များကို ဖြေတဲ့အခါမှာများစွာ အကျိုးရှိပါတယ်။ အကယ်၍ Completion မှာ စာလုံးပေါင်းမှားသွားရင် ပေးထားတဲ့အမှတ်ပြည့်ကို မရနိုင်တော့ဘူး။ ဆက်ပြီးပြောရမယ်ဆိုရင် ဒီ Characteristic ဟာ Co-ordination Chapter ပိုင်းမှာ Human skin ကိုသင်တဲ့အခါ အထောက်အကူပြုတာကို တွေ့ကြရလိမ့်မယ်။

No(9) ကတော့ A urinary bladder is present and the excretion (urine) is fluid လို့ ဖော်ပြထားတယ်။ ဒီအချက်ဟာ ယုန်ရဲ့ excretory system ပိုင်းမှာ သွားပြီး ဆက်စပ်နေတယ်။ ဆီးများစုထားတဲ့ ဆီးအိတ် urinary bladder ဟာ အရည်ဖြစ်တဲ့ urine ဆီးများကို အပြင်သို့စွန့်ထုတ်လိုက်ခြင်းကို excretion လုပ်တယ်လို့ဆိုထားတယ်။ excretory system မှာ ကျောင်းသားကျောင်းသူများအနေနဲ့ သိထားရမယ့် အဓိက အင်္ဂါက kidney ကျောက်ကပ်ဖြစ်တယ်။ kidney ဟာ သူလိုအပ်တဲ့ရေကို စုပ်ထားပြီး မလိုအပ်တဲ့ဟာတွေကို ဆီးအိတ်ကို ပို့လိုက်တယ်။ ပို့လိုက်တဲ့အထဲမှာ ခန္ဓာကိုယ်ကို ဒုက္ခပေးနိုင်တဲ့ urea တွေ ပျော်ဝင်ပါသွားပြီး အရည်အနေနဲ့ ပြင်ပကို စွန့်ပစ်ခြင်းဖြစ်တယ်။ excretory system နဲ့ ဆက်စပ်နေမှုကို ဒီကတည်းက သိထားရမယ်။

နောက်ဆုံးအချက်က Reproduction မျိုးပွားခြင်းပဲ ဖြစ်တယ်။ Male has a copulatory organ လို့ ဖော်ပြထားတယ်။ အဲဒီ copulatory organ ရှိပြီဆိုရင် အမနဲ့ မိတ်လိုက်တဲ့အခါ အဖိုများဟာ မိမိတို့မှာပါရှိတဲ့ copulatory organ မှ sperms များကို အမရဲ့ ကိုယ်တွင်းကို ထည့်ပေးလိုက်တယ်။ အမရဲ့ကိုယ်တွင်းမှာ မျိုးအောင်ခြင်းဖြစ်လို့ fertilization is internal လို့ ပြောထားတယ်။ Eggs are usually minute လို့ ဆိုထားပြန်ရော။ minute ဆိုတာ သေးငယ်တာ။ အဲဒီဥတွေကို အမရဲ့ သားအိမ်လို့ခေါ်တဲ့ uterus ထဲမှာ ဖွံ့ဖြိုးရန်အတွက် retained ထိန်းသိမ်းထားတာကို တွေ့ရမယ်။ အဲဒီ အကြောင်းအရာတွေဟာ Chapter (10) Reproduction အပိုင်းနဲ့ ဆက်စပ်နေတယ်။ Embryonic membranes are present လို့ ပြောထားသေးတယ်။ အဲဒီအချက်ဟာ Chapter (10) မှာ ဖော်ပြထားတဲ့ amnion ကိုဆိုလိုခြင်းဖြစ်တယ်။ ဆက်ပြီးကြည့်မယ်ဆိုရင် usually with placenta for nourishment လို့ဆိုထားတယ်။ Placenta နဲ့ပတ်သက်တဲ့ အကြောင်းအရာကို Reproduction Chapter မှာပဲ ဖော်ပြထားတာတွေ့ကြရလိမ့်မယ်။ ဒါတင်မကပါဘူး။ young are nourished by milk after birth Secreted from Mammary Glands of the female လို့ဖော်ပြထားတယ်။ ဒီ Statement ဟာ Reproduction Chapter မှာပါတဲ့ °Mother's milk is best compared to bottle feeding နဲ့ ဆက်စပ်မှုရှိနေတာကို တွေ့ကြရလိမ့်မယ်။ သတ္တဝါနဲ့ပတ်သက်ပြီး Chapter 5 တစ်ခုတည်းကို ဖော်ပြထားပေမယ့် Characteristics (၁၀)ခုလုံးဟာ အနောက်ဘက်ပိုင်းက System တွေ၊ အကြောင်းအရာတွေအားလုံးနဲ့ချိတ်ဆက်မှုရှိနေတာကို ကျောင်းသားကျောင်းသူများအနေနဲ့ နားလည်သဘောပေါက်လောက်ပြီလို့ ဆရာမယုံကြည်တယ်။

စာကျက်မှတ်ပုံ ကျက်မှတ်နည်းတွေကို ပြည့်ပြည့်စုံစုံ ရှင်းပြပြီးပြီဆိုတော့ ဇီဝဗေဒဘာသာရပ် မေးခွန်းလွှာကို ဘယ်လိုဖြေဆိုရမယ်ဆိုတာ ရှင်းလင်းပေးသွားမယ်။ ၂၀၀၄ ခုနှစ် မေးသွားတဲ့ တက္ကသိုလ်ဝင်တန်း မေးခွန်းလွှာမှာ ဒီနှစ်မေးလာခဲ့ရင် ၂၀၀၄ နေရာမှာ ၂၀၀၅ ဖြစ်သွားမယ်။ ဖြေဆိုဖို့ ခွင့်ပြုချိန်ဟာ(၃)နာရီ

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

စာမျက်နှာ (၁၆) မှ အဆက်

ဖြစ်တယ်။ နောက်ပြီး Write your answer in your answer booklet လို့ ရေးထားတာတွေ့ရမယ်။ ဒါကတော့ မိမိတို့ဖြေဆိုမည့် အဖြေများကိုသာ အဖြေလွှာစာအုပ်ပေါ်တွင်သာ ဖြေဆိုရမယ်လို့ ညွှန်ကြားထားတာဖြစ်တယ်။ ထပ်မံပြီး Do not Copy the Questions into your Answer book လို့ပေးထားတယ်။ အကယ်၍ မေးခွန်းများကို ပြန်ပြီးတော့ ကူးထည့်မယ်ဆိုရင် အချိန်တွေ အလဟဿ ကုန်သွားမယ်။ နောက်တစ်ခု မှာချင်တာကတော့ ကျောင်းသားကျောင်းသူများအနေနဲ့ ကိုယ်ဖြေဆိုမယ့် မေးခွန်းရဲ့ နံပါတ်ကို မှန်မှန်တပ်ပေးဖို့ အရေးကြီးပါတယ်။ Biology မေးခွန်းမှာ မေးခွန်း 1မှ 5(၅)ပုဒ် ပါတယ်။ မေးခွန်းနံပါတ်(1) နဲ့(2)ဟာ Objectives အမျိုးအစား ဓမ္မဓိဋ္ဌာန်ဖြစ်တယ်။ No.(1) True/False ကို ဖြေဆိုတဲ့အခါ ပေးထားတဲ့ Statements များကို အဖြေစာအုပ်မှာ ပြန်ကူးစရာမလိုဘူး။ True/ False ရေးပေးရုံပါပဲ။ True/ False ကိုလဲ အတိုကောက် T / F တစ်လုံးတည်းမရေးဘဲ True သို့မဟုတ် False အပြည့်ရေးပေးရမယ်။ တစ်ခါတလေ T နဲ့ F တစ်လုံးစီ ဖြေထားတဲ့ အဖြေစာအုပ်တွေမှာ T နဲ့ F ဟာ ကွဲပြားမှုမရှိဘဲ F ရေးတာဟာ T နဲ့ တူနေတယ်။ အဲဒီအခါကျရင် ကျောင်းသားကျောင်းသူများအနေနဲ့ အမှတ်ရဖို့ အခွင့်အရေးတွေ ဆုံးရှုံးနိုင်တယ်။ No(1) နဲ့ No.(2) မေးခွန်းကို ဖြေဆိုတော့မယ်ဆိုရင် အဖြေစာအုပ်ကို အလယ်က မျဉ်းတားပြီး တစ်ဖက်မှာ မေးခွန်းနံပါတ် (၁) အောက်ရှိ Roman နံပါတ် ပေးထားတဲ့ i-xx ထဲက i to x အထိ နံပါတ်ကို အရင်ဆုံးရေးချလိုက်ပါ။ နောက်တစ်ခြမ်းမှာတော့ No xi ကနေ xx အထိရေးချလိုက်ပါ။ နံပါတ်ကို မှန်မှန်ကန်ကန် အစီအစဉ်အတိုင်း တပ်ဖို့လိုပါတယ်။ နံပါတ်တွေကို သေသေချာချာတပ်ပြီးပြီဆိုရင် မေးခွန်းနံပါတ်(၁)မှ Statement တစ်ခုချင်းကို True လား၊ False လားဆိုတာ စဉ်းစားပြီး သက်ဆိုင်ရာနံပါတ်ဘေးမှာ မှန်လို့ရှိရင် True၊ Statement မှားခဲ့ရင် False ရေးရမယ်။ တချို့ Statements များဟာ သာမန်ကာလျှံကာ ဖတ်သွားလို့ မရဘူး။ စာလုံးတစ်လုံးထဲနဲ့ လှည့်ထားတာရှိတယ်။ အဲဒီအခါကျရင် ဂရုတစိုက်နဲ့ သေချာဖတ်ပြီး သေချာတော့မှ TRUE/ FALSE ကို ရေးချပါ။ မသေချာသေးရင် အဲဒီ No ကို ချန်ပြီး ကျန်တဲ့ Objectives များကို ဆက်ဖြေသွားပါ။ No (၂) မေးခွန်း Completion မှာ ကြည့်မယ်ဆိုရင် လိုအပ်တဲ့စာလုံးကို ဖြည့်ပေးဖို့ ကွက်လပ်ချန်ထားပေးတယ်။ No (၂) မေးခွန်းမှ Statements များအားလုံးဟာ TRUE Statements များကိုသာ ပေးထားတယ်။ FALSE Statement တစ်ခုမှ မပါဘူး။ Chapter (12)ခုစလုံးကို နားလည်သဘောပေါက်ထားတဲ့ ကျောင်းသား ကျောင်းသူများကတော့ TRUE/FALSE နဲ့ Completion တွေကို အမှတ်ပြည့်ရအောင် ဖြေဆိုထားရင် Distinction ရတော့မယ်ဆိုတာ ဆရာမတို့ မှန်းဆလို့ရတယ်။ အမှတ် ၂၀ စီ အပြည့်ရထားတော့ ဒီမှာတင် အောင်မှတ် ၄၀ က သေချာသွားပြီ။ TRUE/ FALSE နဲ့ Completion ကို ဖြေတဲ့အခါရှေ့မှာဖြေလိုက် နောက်မှာဖြေလိုက်ဆိုရင် အဖြေလွှာစစ်ဆေးတဲ့အခါ ခက်ခဲမှုရှိတယ်။ အမှတ်စဉ်တွေကို အစီအစဉ်အတိုင်း ရေးချထားတော့ ကွက်လပ်မှာ ဘာတွေလိုနေတယ်ဆိုတာကိုလဲ ကြည့်ပြီး ဖြေနိုင်တယ်။ ဥပမာ–

The external ears of the rabbit are termed as---------- ဆိုရင် ကွက်လပ်မှာ pinnae လို့ ရေးထည့်ပေးရမယ်။ pinnae ဆိုတဲ့ စာလုံးကို မှန်ကန်အောင် ရေးပေးရမယ်။ Spelling မှားနေရင် အမှတ်ပြည့်မရနိုင်ဘူး။ အဖြေမသေချာသေးရင် အဲဒီ No ကို ခဏချန်ထားလိုက်ပါ။ အချိန်ကုန်ခံပြီး စဉ်းစားမနေပါနဲ့။ သေချာတဲ့ဟာကိုသာ အရင်ဆုံးဖြေချသွားပါ။ No.1 နဲ့ No.2 မေးခွန်းများကို ဆရာမပြောခဲ့သလို စနစ်တကျ ဖြေသွားရင် အဖြေလွှာစစ်ဆေးသူများအနေနဲ့လဲ လိုက်ရှာစရာမလိုတော့ဘူး။ ဆရာမထပ်မှာချင်တာက TRUE/FALSE နဲ့ Completion မေးခွန်း(၂) ခုစလုံးမှာ Chapter (၁၂)ခုလုံးက ပါတယ်။ Chapter ရဲ့ အတိမ်အနက်ပေါ်လိုက်ပြီး တစ်ခုမေးထားတာလဲရှိမယ်။ (၂)ခု မေးချင်လဲမေးမယ်။ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ Chapter 1 to 5 သာ ကျက်မှတ်ထားမယ်ဆိုရင် အမှတ်ပြည့်ရဖို့ မလွယ်တော့ဘူး။ ဒါကြောင့် ဂုဏ်ထူးမှန်းထားတဲ့ ကျောင်းသား ကျောင်းသူများအနေနဲ့ Chapter (၁၂)ခုစလုံးရဲ့ သဘောတရားကို နားလည်အောင်လုပ်ထားဖို့လိုတယ်။ သဘောတရားကို နားလည်ထားရင် Objectives မေးခွန်းများကို ချက်ချင်းဖြေဆိုနိုင်လိမ့်မယ်။

No.3 မေးခွန်းကတော့ (၁၂)မှတ်ဖိုးမေးထားပါတယ်။ အဲဒီ No(3) မှာ Answer All Questions လို့ပေးထားတယ်။ မေးခွန်း(၆)ခုပါတယ်။ မေးခွန်းကို တစ်ခုမှ မချန်ထားဘဲ အားလုံးဖြေဆိုရမယ်။ မေးခွန်း(a) မှ (f) ထိပေးထားပြီး တစ်ခု(၂)မှတ်နှုန်းဖြစ်တယ်။ No.3 မေးခွန်းကို ဖြေတော့မယ်ဆိုရင် မေးခွန်း a to f ထိ အရင်ဆုံး သေချာဖတ်လိုက်ပါ။ အဲဒီထဲမှာမှ ကိုယ်အရဆုံး အတတ်ဆုံးမေးခွန်း နံပါတ်ကို သေချာတပ်ပြီးဖြေလိုက်ပါ။ မေးခွန်းပြန်ကူးစရာမလိုပါ။ အဲဒီမေးခွန်း (၆)ခုကို အစီအစဉ်အတိုင်း ဖြေရမယ်လို့လဲ မသတ်မှတ်ထားဘူး။ ဒါပေမယ့် မေးခွန်းနံပါတ်နဲ့ အဖြေဟာ ကိုက်ညီမှုရှိရမယ်။ နံပါတ်ကို မှန်မှန်ကန်ကန်တပ်ဖို့ သတိပေးချင်တယ်။ ဥပမာNo.(3) မေးခွန်း (၆)ခုထဲကမှ No.(f) ကို အရင်ဆုံးဖြေမယ်ဆိုရင် (f) နံပါတ်ကို တပ်လိုက်ပြီး (f) နဲ့ ကိုက်တဲ့ အဖြေကို ဖြေလိုက်ပါ။ တစ်ခါ နံပါတ် (d) ပြန်ဖြေချင်တယ်ဆိုရင်လဲ (d) နံပါတ်ကို တပ်ပြီး (d) နဲ့ကိုက်ညီတဲ့ အဖြေကို ဖြေလိုက်ရုံပါပဲ။ No.(3) မေးခွန်းကို ဆရာမပြောခဲ့သလို အတတ်ဆုံး၊ အရဆုံးကို နံပါတ်တပ်ပြီးဖြေလိုက်ရင် ကျန်တဲ့ဟာတွေ အလိုလိုရလာပါလိမ့်မယ်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရရှိလာပြီး ကျန်မေးခွန်းများရဲ့ အဖြေများကိုလဲ မှတ်မိလာပါလိမ့်မယ်။ မေးခွန်း (၆)ခု ထဲကမှ (၃)ခုကို အရဆုံးမို့လို့ အရင်ဖြေပြီးတော့ နောက်မှကျန်တဲ့ မေးခွန်းတွေကို ပြန်စဉ်းစားပြီး ဖြေမယ်ဆိုရင်လဲ No.(3) ကိုပြန်တပ်ပြီး ဖြေဖို့အရေးကြီးပါတယ်။

မေးခွန်း No.(4) မှာကျတော့ Answer Any Four Questions လို့ဖော်ပြထားတယ်။ (၅)ပုဒ်ပေးထားပြီး ကြိုက်နှစ်သက်ရာ (၄)ပုဒ်ကိုသာ ဖြေဆိုရမယ်။ စုစုပေါင်း ပေးထားတဲ့အမှတ်က (၁၆)မှတ်ဆိုတော့ တစ်ပုဒ်ကို (၄)မှတ်ဖိုးစီ ပေးထားပါတယ်။ ဆရာမ ဒီမေးခွန်း No.(4)နဲ့ပတ်သက်ပြီး ပြောချင်တာက ဒီမှာ ကျောင်းသားကျောင်းသူများအနေနဲ့ မေးခွန်း(၁)ပုဒ်ကို မဖြေလို့ရတယ်။ ဒီတော့ မေးခွန်းများကို သေချာလေ့လာပြီး မိမိအနေနဲ့ အခက်ဆုံးထင်တဲ့ဟာကို ရှောင်ပြီးဖြေလို့ရတယ်။ မိမိဖြေဆိုမယ့် (၄)ပုဒ်ကို ဖြေတဲ့အခါ No.(3)မေးခွန်းမှာလိုပဲ ကိုယ်အရဆုံးကို အရင်နံပါတ် သေချာတပ်ပြီးဖြေပါ။ စာမေးပွဲဖြေတဲ့အခါ စိတ်အေးအေးထားပြီးဖြေရင် ကိုယ့်အတွက်ပိုပြီး အကျိုးရှိတယ်။ ကြောက်စိတ်ဝင်နေရင် ရပြီးသားစာတွေလဲ ပျောက်ကုန်ပြီး အကျိုးမရှိဖြစ်သွားမယ်။

မေးခွန်းNo(5)မှာတော့ Answer Any Four Questions လို့ပေးထားတယ်။ သတ်မှတ်အမှတ်က (၃၂)မှတ်ဆိုတော့ ဖြေရမှာက (၄)ပုဒ်၊ တစ်ပုဒ်ကို (၈)မှတ် သတ်မှတ်ထားတယ်။ No.(5)မေးခွန်းမှာ ပေးထားတဲ့ (၆)ပုဒ်ထဲက (၄)ပုဒ် ရွေးချယ်ဖြေဆိုရမယ်။ မေးခွန်း(၆)ခုစလုံးကို အရင်ဆုံး သေချာလေ့လာပြီး မိမိမရဆုံး၊ မသေချာဆုံး (၂)ပုဒ်ကို ဖယ်ပြီး ကျန်(၄)ပုဒ်ကို No.(4) မေးခွန်းမှာလိုပဲ ကိုယ်အရဆုံးကနေ စပြီးဖြေပါ။ နံပါတ်ကိုတော့ မှန်မှန်တပ်ပေးဖို့ လိုပါတယ်။

ဆရာမ တစ်ခုသတိပေးချင်တာက မေးခွန်းတွေမေးလာတဲ့အခါ တစ်ခါတစ်ရံမှာ ပုံလေးတွေကို ပေးထားပြီး အညွှန်း labels တွေ တပ်ခိုင်းတာမျိုး၊ ပုံရဲ့ခေါင်းစဉ် caption မေးထားတာမျိုးတွေ ရှိပါတယ်။ အဲဒီအခါကျရင် ပုံကို အဖြေစာအုပ်မှာပြန်ပြီး ကူးဆွဲစရာ မလိုဘူး။ အဲလိုမေးခွန်းမျိုးဟာ (၂)မှတ်တန်၊ (၄)မှတ်တန်၊ (၈)မှတ်တန်တွေမှာ သင့်တော်သလို မေးနိုင်တယ်။ ဒီလိုမေးခွန်းမှာ မေးလေ့မေးထရှိတာက Provide labels and caption to the given diagram လို့ဖော်ပြထားတယ်။ အဲဒီလိုမေးလာရင် ပေးထားတဲ့ပုံကို အညွှန်းနဲ့ခေါင်းစဉ်တပ်ခိုင်းတာပဲ။ အညွှန်းတွေကို နံပါတ်တွေနဲ့ ပေးထားတယ်။ အဖြေစာအုပ်မှာ အညွှန်းနံပါတ်များကို အရင်တပ်ပြီး နံပါတ်နဲ့သက်ဆိုင်တဲ့ အညွှန်းစာသားများကို ရေးချရမယ်။ သတိပြုရမှာကတော့ အညွှန်းနံပါတ်(၁)ဟာ ဘယ်အပိုင်းကို ညွှန်ပြထားသလဲ။ နံပါတ်(၂)ကတော့ ဘယ်အပိုင်းကို ဦးတည်ပြထားသလဲဆိုတာကို သေချာကြည့်ပြီးမှ သက်ဆိုင်ရာ အညွှန်းစာသားများကို ရေးပေးရမယ်။

တချို့မေးခွန်းများမှာ အညွှန်းနဲ့ ပုံရဲ့ခေါင်းစီးကိုသာမက စာကိုပါထည့်မေးထားတာမျိုးရှိတယ်။ ဥပမာပြောရရင် Provide labels and caption to the given diagram and state the nature of the first whorl of the flower လို့ မေးလာရင် ပေးထားတဲ့ပုံက အညွှန်းနဲ့ caption တွေကို ဖြေပေးရမယ့်အပြင် flower ရဲ့ first whorl နဲ့ဆိုင်တဲ့ စာကိုပါ ဖြေပေးရမယ်။ flower ရဲ့ first whorl ဆိုတာ Calyx ဖြစ်တယ်။ သူ့အကြောင်းကို ရေးချလိုက်ရုံပါပဲ။ မလိုအပ်ဘဲပုံကို အဖြေစာအုပ်မှာ ပြန်ရေးဆွဲရင် အမှတ်တောင်လျော့ဦးမယ်။ ပုံဆွဲဖို့လိုရင် မေးခွန်းမှာ Give a labelled diagram လို့ ဖော်ပြထားမယ်။ မေးထားတဲ့ပုံကိုသာ ဆွဲပေးရမယ်။ ဆရာမထပ်ပြောချင်တာက အချိန်ကို လုံးဝမဖြုန်းပါနဲ့။ မိမိဖြေဆိုထားတာကို ပြန်စစ်ဆေးဖို့အချိန်ထားရဦးမယ်။

ဆရာမကြီးအနေနဲ့ Biology ဖတ်စာအုပ်မှာပါတဲ့ Chapter (၁၂)ခုစလုံးကို တစ်ခုနဲ့တစ်ခု ဘယ်လိုဆက်စပ်ပြီး ကျက်မှတ်ရမယ်ဆိုတာ စာမေးပွဲဖြေဆိုတဲ့အခါ စနစ်တကျရှိပြီး အမှတ်ပြည့်ရအောင် ဘယ်လိုဖြေဆိုရမယ်ဆိုတာတွေကို ပြည့်ပြည့်စုံစုံနဲ့ ရှင်းလင်းပြသွားပြီးဖြစ်တယ်။ ဒီတော့ ဆရာမပြောတဲ့အတိုင်း ကျောင်းသားကျောင်းသူများက လိုက်နာကြမယ်ဆိုရင် Biology ဘာသာရပ်မှာ ထူးထူးချွန်ချွန်နဲ့ အောင်မြင်ကြမယ်လို့ ဆရာမ ယုံကြည်တယ်။ လာမယ့် ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူများအားလုံး အောင်မြင်မှုပန်းတိုင်ကို လျှောက်လှမ်းနိုင်ကြပါစေလို့ ဆရာမ ဆုမွန်ကောင်းတောင်းရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်။ ။

ဖေဖော်ဝါရီ ၁၈ရက်က သာယာဝတီမြို့နယ်တွင် ခရိုင်ချင်းဆက်လမ်း မြေသားပြုပြင်ဆောင်ရွက်ရန် မြေပြင်အခြေအနေကို ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးဖေအောင်သူက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နတ်တလင်းမြို့ မြို့မအလက ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

နတ်တလင်း ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်းမြို့ မြို့မအလက မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၆ရက်က မြို့မအလက အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးသန်းရှိန်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးသန်းမြင့်တို့က အမှာစကား ပြောကြားကြသည်။

ဂုဏ်ပြုဆုများပေးအပ်

ဆက်လက်၍ ၂၀၀၃–၂၀၀၄ ခုနှစ် ပညာရည်ချွန်ဆုရကျောင်းသားကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး အသက် ငါးနှစ်မှ ၁၀နှစ်အတွင်း (အခြေခံအဆင့်) မယ်ဒလင်တီးပြိုင်ပွဲ၌ ခရိုင်အဆင့်၊ တိုင်းအဆင့်၊ ဗဟိုအဆင့်တို့တွင် ရွှေတံဆိပ်ဆုရှင် မြို့မအလကပဥ္စမတန်း ကျောင်းသူ မလဲ့ရည်ဝင်းအား ကျောင်းအကျိုးတော်ဆောင် ဦးအေးမောင်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

မြို့သာယာလှပရေးဆောင်ရွက်

မချမ်းသာ ဖေဖော်ဝါရီ ၁၅

မချမ်းသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေး၊ မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရေးအတွက် ဖေဖော်ဝါရီ ၁ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဒေသခံပြည်သူများဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းရဲဝင်းနိုင်က ကြီးကြပ်ဆောင်ရွက်ပေးသည်။

အလားတူ ဆင်ဘိုမြို့၊ ဒေါ့ဖုန်းယန်မြို့၊ ပန်ဆောင်မြို့နှင့် ပန်နန်းဒင်မြို့များတွင် မြို့သာယာလှပရေးအတွက် အရိပ်ရပင်နှင့် ပန်းအလှပင်များစိုက်ပျိုးကြကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ကြီးကြပ်ဆောင်ရွက်

ဇန်နဝါရီ ၃၀ရက်က မြဝတီမြို့နယ် မဲပလဲ့ကျေးရွာတွင်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောချစ်သန်းနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးမှုကို ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်ဖြူတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (က–ပ)

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ဖေဖော်ဝါရီ ၂၅ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း စစ်ကိုင်းတိုင်း ကနီမြို့နယ် အလောင်းတော်ကဿပဂန္ဓကုဋိစံကျောင်းတော် မင်္ဂလာဘိသေကနှင့် ဒက္ခိဏောဒက မဟာဒါန မင်္ဂလာအခမ်းအနား၌ ဆရာတော်အား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရွှေဖုံး)

(သတင်းစဉ်)

ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် သတ်မှတ်ထားသည့်အခွန်များကို တာဝန်ကျေပွန်စွာအပြည့်အဝပေးဆောင်သင့် ဒီမိုကရေစီနိုင်ငံတော်သစ် ဆက်လက်အောင်မြင်စေရေး စည်းရုံးပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အလှည့်ကျသဘာပတိ ဗိုလ်ချုပ်အောင်သိမ်း၏ ရှင်းလင်းတင်ပြချက်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်း၏ **'ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း'** နှင့် စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁

သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းက 'ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း' နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား



ဆိုင်ကလုန်းမုန်တိုင်း၏ပုံရိပ်

တောင်ပစိဖိတ်သမုဒ္ဒရာ၌ မကြာမီက တိုက်ခတ်သွားသော ဆိုင်ကလုန်းမုန်တိုင်း၏ပုံရိပ်ကိုတွေ့ရစဉ်။ **(အပေါ်ပုံ)**

နာဆာမှ ထုတ်ပြန်ထားသည့်ပုံအရ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အင်အားပြင်းထန်သော အိုလက်ဖ်ဆိုင်ကလုန်းမုန်တိုင်း(အပေါ်ဝဲ) နှင့် အင်အားအနည်းငယ်အားပျော့သော နန်စီ ဆိုင်ကလုန်းမုန်တိုင်း (အောက်ယာ)များဖြစ်ပေါ်ခဲ့ပြီး တောင်ပစိဖိတ်သမုဒ္ဒရာကို ဖြတ်သန်းတိုက်ခတ်သွားကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောဆိုသည်။ **(အေအက်ဖ်ပီ)**

လွန်ခဲ့သည့်နှစ်သန်း ၇၀ ခန့်က မိကျောင်းဦးခေါင်းခွံ

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ပြသထားသော မိကျောင်းဦးခေါင်းခွံတစ်ခုကို တွေ့ရစဉ်။ **(အောက်ပုံ)**

အဆိုပါမိကျောင်းဦးခေါင်းခွံသည် လွန်ခဲ့သည့်နှစ်ပေါင်းသန်း ၇၀ ခန့်က တောင်အမေရိကနှင့် မာဒါဂါစကာအကြား ဒေသများတွင် ကျင်လည်ကျက်စားခဲ့သော မိကျောင်းမျိုးဖြစ်ပြီး ဘရာဇီးနိုင်ငံတွင် ယင်းဦးခေါင်းခွံကို ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်သည်။

သုတေသနပညာရှင်များ၏ ခန့်မှန်းချက်အရ အဆိုပါမိကျောင်းသည် အရှည် ၁၀ ပေခန့်ရှိပြီး အလေးချိန် ပေါင် ၆၆၀ ခန့်ရှိသည့် မိကျောင်း ဖြစ်ကြောင်း ခန့်မှန်းပြောကြားထားသည်။ **(ရိုက်တာ)**

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

❐ လက်ရှိ ၅၄ သန်းကျော်ခန့်ရှိသော လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရန်သာမက နောင်တိုးပွားလာမည့်လူဦးရေအတွက်ပါ စားနပ်ရိက္ခာဖူလုံစေရန် ကြိုတင်တွက်ဆ၍ နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ လက်တွဲကြိုးပမ်း။

ခေါင်းကြီး (စာ-၂)

❐ အမျိုးသားညီလာခံကြီးမှာ တက်ရောက်နေကြတဲ့ ကိုယ်စားလှယ်တော်ကြီးများဟာ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် အမျိုးသားရေးခံယူချက် ပြည့်ဝတဲ့ပုဂ္ဂိုလ်များဖြစ်ကြပြီး ဘယ်လို သွေးထိုးဖြိုခွဲမှု၊ ဘယ်လို မှိုင်းတိုက်သပ်လျှိုမှုမျိုးကိုမဆို ရင်ဆိုင်ကျော်လွှားလွန်မြောက်နိုင်တဲ့ ဒေါင်ဒေါင်မြည် ကိုယ်စားလှယ်တော်ကြီးများဖြစ်။

အောင်မိုးစံ၏ဆောင်းပါး (စာ-၁၀)